# ကြေးမုံ
## The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ တနင်္လာနေ့ (11-10-2010) (၆၃၄၈)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

## ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းနှင့် ပခုက္ကူမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆

# ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝှဲချာချီဝ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝှဲချာချီဝ။**

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝှဲချာချီဝကို ၁၉၆၄ ခုနှစ် ဩဂုတ် ၃ ရက်တွင် အင်္ဂလန်နိုင်ငံ နယူးကာဆယ်မြို့၌ မွေးဖွားခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ အဘီဆစ် ဝှဲချာချီဝသည် အင်္ဂလန်နိုင်ငံ ရမ်ခမ်ဟန် တက္ကသိုလ်မှ ဥပဒေ အထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့နှင့် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကိုလည်းကောင်း၊ အောက်စဖို့တက္ကသိုလ်မှ စီးပွားရေးပညာ အထူးပြုဘာသာရပ်ဖြင့် မဟာဘွဲ့ကို လည်းကောင်း၊ ဒဿနိကဗေဒ၊ နိုင်ငံရေးနှင့် စီးပွားရေး အထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။ ထို့အပြင် ၎င်းသည် အင်္ဂလန်နိုင်ငံ အီတွန်ကောလိပ်နှင့် ထိုင်းနိုင်ငံ ချူလာလောင်ကွန် သရုပ်ပြကျောင်းတို့တွင်လည်း ပညာဆည်းပူးခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝှဲချာချီဝသည် ၁၉၉၂ ခုနှစ်မတိုင်မီ ကာလများတွင် အောက်စဖို့တက္ကသိုလ်၊ ချူလာချွန်လာအို ထိုင်းတော်ဝင် တပ်မတော်သင်တန်းကျောင်းနှင့် သမ်မာဆပ် စီးပွားရေးတက္ကသိုလ်များတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝှဲချာချီဝသည် ၁၉၉၂ မှ ၁၉၉၄ ခုနှစ်အထိ အစိုးရ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်အဖြစ် လည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် ဝန်ကြီးချုပ်၏ နိုင်ငံရေးရာ ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်တွင် လွှတ်တော်၏ ပညာရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ၁၉၉၉ ခုနှစ် အမျိုးသားပညာရေး ဥပဒေမူကြမ်းဆိုင်ရာ ကော်မတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ၎င်းသည် ဝန်ကြီးချုပ်ရုံး ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ရင်းနှီးမြှုပ်နှံမှုအဖွဲ့၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပညာရေးကောင်စီနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ●

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပခုက္ကူတက္ကသိုလ်၌ တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ ဦးချိုနှင့် ပါမောက္ခများ၊ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** (အပေါ်ပုံ) **နှင့် ရေဝတီတံတား (ပခုက္ကူ) တည်ဆောက်နေမှုကို ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဘက်ကမ်းမှ တွေ့ရစဉ်။** (ယာပုံ) (သတင်းစဉ်)



ကြေးမုံ The Mirror
၁၁-၁၀-၂၀၁၀
(တနင်္လာနေ့)

# သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်ရေးထိန်းသိမ်း

သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု သစ်ပင်တောတောင် သဘာဝသယံဇာတများ ဝန်းရံနေသည်။ သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါအားလုံး ရှင်သန်ရပ်တည်ရေး အကျိုးပြုနေသည်။ သစ်ပင်၊ ဝါးပင်၊ သစ်တောများ ပြုန်းတီးလာလျှင် ရာသီဥတုပျက်ယွင်းမှုများ ဖြစ်ပေါ်လာတတ်သည်။

မြစ်ချောင်းများရေလျှံခြင်း၊ သဲကန္တာရများဖြစ်ပေါ်လာခြင်း၊ မြေဆီဩဇာခန်းခြောက်လာခြင်းတို့သည် သစ်တောသစ်ပင်များ ပြုန်းတီးလာမှုနှင့်အတူ ရာသီဥတုမမျှတခြင်း၏ အကျိုးဆက်များပင်ဖြစ်သည်။ ယင်းအကျိုးဆက်ဖြစ်ပေါ်မှုများကြောင့် နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားလုပ်ဆောင်နေကြပြီ။ ကမ္ဘာကြီးပူနွေးလာမှု လျော့ချနိုင်ရေး သစ်ပင်သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြရပေပြီ။

နိုင်ငံတော်က ရေ မြေ သစ်တော သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းနေသည်။ ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းနေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းပြီး ဒေသအလိုက် ရေဝေရေလဲ သစ်တောများ၊ သဘာဝနယ်မြေများနှင့် ကျွန်းအထူးစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

နိုင်ငံအတွင်း ကျွန်းသစ်ပေါက်ရောက်နိုင်သော ရာသီဥတုရှိပြီး ကျွန်းစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော ဧရိယာ ပမာဏများပြားသည်။ ကျွန်းသစ်များ ပေါက်ရောက်ဖြစ်ထွန်းသည့် ပဲခူးရိုးမတောင်တန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄ ခုနှစ်မှစတင်၍ စိုက်ခင်းများ ပြုစုပျိုးထောင်လျက်ရှိသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ရန်ကုန်၊ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ခရိုင်ရှစ်ခရိုင်၊ မြို့နယ် ၃၁ မြို့နယ်တို့တွင် အကောင်အထည်ဖော်လျက်ရှိသည်။

ထို့အပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း နှစ်စဉ်သစ်တောစိုက်ခင်းဧက တစ်သိန်းခန့် စိုက်ပျိုးတည်ထောင်လျက်ရှိသည်။ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကျေးရွာသုံးထင်းစိုက်ခင်းများ၊ ရေဝေရေလဲသစ်တောများ၊ ကျွန်းအထူးစိုက်ခင်းများကိုလည်း တိုးချဲ့တည်ထောင် စိုက်ပျိုးနေကြပြီဖြစ်သည်။

သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သားငှက်တိရစ္ဆာန် ဇီဝမျိုးစုံမျိုးကွဲ ဂေဟစနစ်များ တည်ငြိမ်မှုကို အကျိုးပြုနေသည်။ သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများအားလုံးက သစ်တောသစ်ပင်များ၊ ရှားပါးသားငှက်နှင့် တောရိုင်းတိရစ္ဆာန်များ၊ သစ်ပင်ပန်းမန်များကို နှစ်စဉ်တိုးချဲ့ စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်သွားကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်နေမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း တောင်ငူတပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် တောင်ငူတပ်နယ် နယ်မြေခံတပ်ရင်းများသို့ သွားရောက်ပြီး တပ်ရင်းရုံး၌ တပ်ရင်းရှိ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။**

ယင်းနောက် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဗိုလ်ချုပ်လှမင်းသည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၈ ရက်တွင် ပိန်းဇလုပ်မြို့၌ ကျင်းပသည့် ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုး စိုက်ပျိုးစရိတ်ငွေ ပေးအပ်ပွဲသို့တက်ရောက်၍ ဗိုလ်ချုပ်လှမင်းနှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ စိုက်ပျိုးစရိတ်ငွေများကို ပေးအပ်ကြရာ သက်ဆိုင်ရာတာဝန်ခံများက အသီးသီးလက်ခံကြသည်။

ထိုမှတစ်ဆင့် တောင်ငူခရိုင် ကိုးပင်-သာဂရလမ်း ဖိုးကျားစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လမ်းစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် လုပ်ငန်း ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ငူတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး တပ်နယ်အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ပိန်းဇလုပ်မြို့၌ ကျင်းပသည့် ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုး စိုက်ပျိုးစရိတ်ငွေ ပေးအပ်ပွဲတွင် စိုက်ပျိုးစရိတ်ငွေ ပေးအပ်စဉ်။** (သတင်းစဉ်)

## သဘာဝဘေးအန္တရာယ် လျော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ရေကြီးရေလျှံခြင်း၊ မြေငလျင်၊ ဆူနာမီ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ မိုးခေါင်ရေရှားခြင်း၊ အပူလှိုင်း ဖြတ်သန်းခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ တောမီးလောင်ခြင်း စသော ဘေးအန္တရာယ်အမျိုးမျိုး ဖြစ်ပွားနိုင်မှု အခြေအနေသုံးသပ်နိုင်ရန်နှင့် အဆိုပါဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးစေရန် အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် လျော့ချရေးအတွက် GIS နှင့် Remote Sensing နည်းပညာအသုံးချသင်တန်း (GIS and Remote Sensing Applications for Disaster Risk Reduction) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၉၊ ၁၀၊ ၁၆၊ ၁၇၊ ၂၃ နှင့် ၂၄ ရက် (စနေ၊ တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတွင် ရက်သတ္တသုံးပတ် (သင်တန်းကာလခြောက်ရက်) ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာန အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေး ၂၀ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်သည်။

လုပ်ငန်းလိုအပ်ချက်အရ သော်လည်းကောင်း၊ ပညာရေးလိုအပ်ချက်အရ သော်လည်းကောင်း၊ သင်တန်းတက်ရောက်လိုသော်လည်း သင်တန်းကြေး အခက်အခဲရှိပါက မြန်မာခရီးဒင့်တက္ကနော်လိုဂျီ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ (MCT Capacity Development Fund)သို့ လျှောက်ထား၍ သင်တန်းကြေး ၅၀ရာခိုင်နှုန်း (သို့မဟုတ်) ၇၅ရာခိုင်နှုန်း(သို့မဟုတ်) ၁၀၀ရာခိုင်နှုန်းအတွက် စကောလားရှစ်ရယူ၍ တက်ရောက်နိုင်သည်။

စိတ်ဝင်စားသူများအနေဖြင့် Myanmar Credent Technology အဆောင် (၁) အခန်း(၇) Myanmar Info-Tech ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၉၆၇၃နှင့် ၅၁၉၆၇၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ လှိုင်မြို့နယ်၌ မဲရုံစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာတင်အောင်အေးသည် အောက်တိုဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ အနောက်ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မိုးမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ အမှတ်(၁) မဲရုံကို စစ်ဆေးရာ **(အပေါ်ပုံ)** မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရပ်ကွက်နေပြည်သူများက ကြိုဆိုကြပြီး မဲရုံအဖွဲ့ဝင်များက သရုပ်ပြကြသည်။ (ကြေးမုံ)

**ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သီရိရတနာရိပ်သာ အောင်သုခလမ်းနေ ခင်ပွန်း ဒေါက်တာအောင်နိုင် (သံအမတ်ကြီး/ငြိမ်း) အားရည်စူး၍ ကျန်ရစ်သူဇနီး ဒေါ်အေးမိ မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

## စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင်မဟာဗျူဟာများစာအုပ် ဒုတိယတွဲထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၀**

စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ် အသီးသီးတွင် ဦးစီးခေါင်းဆောင်အဖြစ် တာဝန်ယူထားကြသူများ၊ ခေါင်းဆောင်ဖြစ်ရန် မျှော်မှန်းကြိုးပမ်းနေကြသူများ၊ မန်နေဂျာများ၊ စီမံခန့်ခွဲအုပ်ချုပ်သူများအတွက် သမိုင်းမှ အဖြစ်အပျက် နမူနာပေါင်းများစွာဖြင့် လမ်းညွှန်ဖော်ဆောင်ပေးထားသည့် မောင်မြင့်ကြွယ် ဘာသာပြန်ဆိုပြုစုသော စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင်မဟာဗျူဟာများ စာအုပ် ဒုတိယတွဲ ထွက်ရှိလာသည်။ လူ့ဘဝတွင် အောင်မြင်လိုသူတိုင်း မဖြစ်မနေ တွေ့ကြုံရင်ဆိုင်ရမည့် မအောင်မြင်မှု၊ ရှုံးနိမ့်မှုများကို ကျော်လွှားပြီး အမြဲတမ်းအသာစီးရနေအောင် လုပ်ဆောင်ရမည့် နည်းဗျူဟာများကို ဖော်ပြပေးထားသည်။

၎င်းစာအုပ်တွင် စစ်ဘက်ဆိုင်ရာ နည်းဗျူဟာ ၁၁ ခုကို ဖော်ပြပေးထားပြီး အားလုံးမှာ ထိုးစစ်နည်းဖြင့် စစ်ဆင်ရေးကို အခြေခံဖော်ပြထားသည်။ စစ်ပွဲတစ်ပွဲနှင့် လူ့ဘဝတို့တွင် အကြီးမားဆုံး အန္တရာယ်များသည် မျှော်လင့်မထားသော ကိစ္စရပ်များမှ ပေါ်ပေါက်လာကြခြင်းဖြစ်ရာ အဖြစ်အပျက်များက လူတို့၏ဘဝကို ရှုပ်ထွေးစေသည်။ မဟာဗျူဟာအရ ဖြစ်စေလိုမှုနှင့် ဖြစ်လာမှုတို့ကြားတွင် သမားရိုးကျစစ်ဆင်မှုဖြစ်သော ရန်သူကို မိမိကအရင်ဝင်ရောက်တိုက်ရမည်၊ လက်ဦးမှုကို ရယူရမည်ဟူသော ဗျူဟာသည် သမိုင်းတွင် စစ်ဘက်ခေါင်းဆောင်များ လက်တွေ့ကျင့်သုံးခဲ့မှုပုံစံဖြစ်ပြီး အောင်မြင်မှုအများဆုံးရခဲ့သော မဟာဗျူဟာဖြစ်သည်ဆိုသော အချက်ကို ၎င်းစာအုပ်တွင် အသေးစိတ်ဖော်ပြပေးထားသည်။

စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုက်ပွဲဝင် မဟာဗျူဟာများ စာအုပ် ဒုတိယတွဲကို စာအုပ်ဆိုင်များ၊ စူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ်မှာကြားပါက စာအုပ်ဆိုင်တွင် ရောင်းသော မူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အထက(၂) ပုဇွန်တောင် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပဉ္စမတန်းအထိ နှစ်စဉ် ပထမဆုရရှိသော မောင်ထက်အောင်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင် ဆုချီးမြှင့်စဉ်။** (ပညာရေး)

# တံတားကြီးပြီးစီးသွားပါက ပခုက္ကူမြို့၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တည်းဖြစ်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်

◆ ရွှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပခုက္ကူဘက်ကမ်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဘက်ကမ်းရှိ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းတွင် အဓိကပစ္စည်းလိုအပ်မှုနှင့် ရရှိမှုအခြေအနေ၊ စက်၊ ယာဉ်၊ ယန္တရားများ အသုံးပြုမှုအခြေအနေ၊ တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများ၊ တံတားတည်ဆောက်ရေး လုပ်ငန်းတိုးတက်မှုအခြေအနေ၊ တံတားတည်ဆောက်ရေး စီမံကိန်းဒေသအတွင်း နှစ်အလိုက် မိုးရွာသွန်းမှုနှင့် နှစ်အလိုက် မြစ်ရေမြင့်တက်မှုအခြေအနေ၊ ချဉ်းကပ်တံတား၊ ဘိုးပိုင်များနှင့် ရေလယ်တိုင်များ တည်ဆောက်နေမှု အခြေအနေမှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ရထားချဉ်းကပ်လမ်း တည်ဆောက်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သတ်မှတ်အချိန်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ သုံးဖွဲ့က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး ချဉ်းကပ်လမ်း၊ ချဉ်းကပ်တံတား၊ ပင်မတံတားအောက်ခြေထည် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပင်မတံတားအပေါ်ထည် တည်ဆောက်ရေးလုပ်ငန်း၏ အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး၏ ၅၂ ဒသမ ၁၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

## အရှည်ဆုံးတံတား

တံတားကြီးမှာ ကားလမ်းရော ရထားလမ်းပါ အသုံးပြုနိုင်မည်ဖြစ်ပြီး ကားလမ်းတံတားအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေရှိမည်ဖြစ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားအဖြစ် အသစ်ပေါ်ထွန်းလာမည်ဖြစ်သည်။

အဆိုပါ တံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် India - Myanmar - Thai Tripartite Highway လမ်းမကြီး ပေါ်ထွန်းလာပါက အဆိုပါ လမ်းမကြီးပေါ်တွင် တည်ရှိနေမည်ဖြစ်သည်။

တံတားကြီးပြီးစီးသွားပါက ပခုက္ကူမြို့၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တည်းဖြစ်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

## ပခုက္ကူဘက်ကမ်း

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရေယာဉ်ဖြင့် ပခုက္ကူဘက်ကမ်းသို့ ရောက်ရှိပြီး ပခုက္ကူဘက်ကမ်း တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ အနောက်ဘက်ကမ်း ချဉ်းကပ်တံတားနှင့် ဘိုးပိုင် တည်ဆောက်နေမှုတို့ကို ထပ်မံကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပခုက္ကူတက္ကသိုလ်သို့ ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဦးချိုနှင့် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုနိုင်ငံထူထောင်ရန် လိုအပ်သော အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး၊ ယနေ့ ဖြစ်ပေါ်တိုးတက်နေသော သိပ္ပံနှင့် နည်းပညာဆိုင်ရာများကို တပည့်များသာမက ဆရာ၊ ဆရာမများပါ အစဉ်အမြဲမပြတ် လေ့လာသင်ယူရေး၊ တပည့်များကို ဘာသာရပ်အလိုက် အမှန်တကယ် တတ်ကျွမ်းသူများဖြစ်အောင် သင်ကြားပေးရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးကိုပါ လေ့ကျင့်ပေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိုင်ငံတော်၏ ပညာရေးရည်မှန်းချက် ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်း၏ ပခုက္ကူဘက်ကမ်းရှိ စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တံတားစီမံကိန်းမှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ ပြုမူနေထိုင်ပြီး အလုပ်ကို ကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့ ရောက်ရာ နယ်မြေဒေသရှိ ကျေးလက်များ ဖွံ့ဖြိုးရေးကို ဒေသခံပြည်သူများနှင့် အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညပိုင်းတွင် တံတားတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်မှုကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော် ဝန်ကြီးချုပ်သည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူဘူတာ၌ ကျင်းပသည့် ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဘက်ကမ်းရှိ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**တံတားကြီးမှာ ကားလမ်းရော ရထားလမ်းပါ အသုံးပြုနိုင်မည်ဖြစ်ပြီး ကားလမ်း တံတားအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်း တံတားအရှည် ၂၀၅၉၇ ပေရှိမည်ဖြစ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားအဖြစ် အသစ်ပေါ်ထွန်းလာမည်ဖြစ်။**

**အဆိုပါတံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်** India- Myanmar-Thai Tripartite Highway **လမ်းမကြီး ပေါ်ထွန်းလာပါက အဆိုပါလမ်းမကြီးပေါ်တွင် တည်ရှိနေမည်ဖြစ်။**



# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၀

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသာဘန်းအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**လေးစားအပ်ပါသော ပြည်ထောင်စုဖွားညီအစ်ကိုရင်း တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

ကျွန်တော်ကတော့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသာဘန်းအောင် ဖြစ်ပါတယ်။

မကြာသော ၂၀၁၀ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် လွတ်လပ်စွာတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲမှ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် မြို့နယ် (၃) မြို့နယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၃)နေရာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမှာ ဖြစ်ပါတယ်။

အရွေးခံမည့်မြို့နယ်(၃)မြို့နယ်ကတော့ စစ်တွေခရိုင် မြောက်ဦးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ ဦးစိန်လှကျော်နှင့် ပုဏ္ဏားကျွန်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာထွန်းဖြစ်ပြီး မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရွှေခိုင်(ခ) မောင်ကျော်ခိုင်တို့ အသီးသီးဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည် ဖြစ်ပါတယ်။

ကျွန်တော်တို့ ခမီအမျိုးသားများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်း မြောက်ဦးမြို့၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်များတွင် ပြန့်ကျဲနေထိုင်လျက်ရှိကြပါသည်။ ပလက်ဝမြို့နယ်မှာ နေထိုင်သူများကို အဖျားခမီဟုခေါ်ကြပြီး ရခိုင်ပြည်နယ်မှာ နေထိုင်သူများကို အဝခမီဟုခေါ်ကြပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ မိမိတို့အချင်းချင်း ဝါကုန်နွယ်စုစကားအုပ်စု၊ အာရိုင်နွယ်စုစကားအုပ်စုဟု ကွဲပြားခြားနားခြင်းနှင့် မြို့နယ်အလိုက်ဒေသနေ ရခိုင်တို့က မြိုဟုလည်းကောင်း၊ ချင်းဟုလည်းကောင်း၊ တောင်သားဟုလည်းကောင်း၊ ခမွီးဟုလည်းကောင်း အမည်အမျိုးမျိုးခေါ်ကြရာမှာ အချို့မြို့နယ်မှာ မြို၊ အချို့မြို့နယ်မှာ ခမီဟူ၍ လူမျိုးတစ်မျိုးတည်းက မြိုလူမျိုး၊ ခမီလူမျိုးဟု လူမျိုးနှစ်မျိုးအသွင်ဆောင်လျက်ရှိနေပါတယ်။

ရခိုင်ပြည်နယ်ရှိ မိမိတို့ခမီအမျိုးသားအားလုံးကို တစုတစည်းတည်း စည်းလုံးစေရန် တိုင်းရင်းသားလူမျိုးစုတစ်စုအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ မိမိတို့လူမျိုးတို့၏ လူမှုဘဝဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်ရန် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းရခြင်း ဖြစ်ပါသည်။

ညီအစ်ကိုနောင်ရင်း တိုင်းရင်းသားများအပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ခမီအမျိုးသား ဘာသာစကားမှာ မတ်စီ၊ ခမီ၊ ယီ ဟူ၍ ပြောဆိုသုံးနှုန်းကြပါသည်။ ကျွန်တော်တို့ ခမီလူမျိုးဟု အဓိပ္ပာယ်ဖော်ပြခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ဘိုးဘွားစဉ်လာ ခေတ်အဆက်ဆက် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ ကောင်းတူဆိုးဖက် လက်တွဲကြပြီး မြန်မာနိုင်ငံ ကိုလိုနီလက်အောက်တွင် ကျရောက်သောအခါ နယ်ချဲ့ကျွန်ဘဝမှ လွတ်မြောက်ရန် လွတ်လပ်ရေးကြိုးပမ်းမှု၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး စသော ခမီအမျိုးသားတို့သည်လည်း တိုင်းရင်းသားပီပီ ကျရာတာဝန်ကနေ တာဝန်ယူဆောင်ရွက်ကာ ယနေ့ထိ နေထိုင်ကြပါသည်။

ပြည်ထောင်စုဖွား မိဘပြည်သူများခင်ဗျား။ ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မူဝါဒ သဘောထားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပါတီ၏ မူဝါဒသဘောထား**

(က) ကမ္ဘာ့နိုင်ငံများအလယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ထာဝရခိုင်မာစွာ ရပ်တည်သွားနိုင်ရေး တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊
(ခ) စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပီပြင်စွာ ဖော်ဆောင်ရာ၌ တိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်ရန်၊
(ဂ) ခမီမျိုးနွယ်စုတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ရန်၊ အခြားမျိုးနွယ်စုတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်၊
(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ သည်းခံခွင့်လွှတ်မှုဟူသော မိသားစုစိတ်ဓာတ်ကို အခြေခံ၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်စေရေး ဆောင်ရွက်သွားရန်၊
(င) မိမိတို့ ဓလေ့ထုံးစံ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ ခေတ်နဲ့လျော်ညီစွာ တီထွင်လေ့ကျင့် ပြုစုပျိုးထောင်မှုများ ဆောင်ရွက်သွားရန်။

**ပြည်ထောင်စုတိုင်းရင်းသား မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီး ကျွန်တော်တို့ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားများအပေါ် အကောင်အထည်ဖော် လုပ်ဆောင်သွားမည့် လုပ်ငန်းများ၏ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) တိုင်းရင်းသားလူမျိုးအားလုံးသည် မြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုအားဖြင့် ကမ္ဘာ့အလယ်၌ ခိုင်မာစွာ ရပ်တည်သွားနိုင်ရေး ဆောင်ရွက်ရန်၊
(ခ) ပါတီစုံဒီမိုကရေစီဖော်ဆောင်ရာ၌ တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူထားရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပုဂ္ဂိုလ်ရေးပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ ဆောင်ရွက်ရန်၊
(ဂ) မိမိတို့လူမျိုးစုများနှင့် အခြားတိုင်းရင်းသားလူမျိုးစုတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အားသွန်ခွန်စိုက် ဆောင်ရွက်ရန်၊
(ဃ) ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အမျိုးသားရေးကို ပူးပေါင်းဆောင်ရွက်ရန်၊
(င) မိမိတို့လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားတိုင်းရင်းသားလူမျိုးများနှင့်ဖြစ်စေ၊ အခြားတိုင်းရင်းသားအဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရန်။

**ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ဖော်ပြပါအတိုင်း ပါတီ ပေါ်ပေါက်လာရခြင်းနှင့် ပါတီရဲ့မူဝါဒလမ်းစဉ်များကို အကျဉ်းချုပ်ပြီး တင်ပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းပါတီရဲ့ ဌာနချုပ်ရုံးတည်နေရာကို အိမ်အမှတ် (၁၁၄)၊ ဆောင်ကူးလမ်း၊ အကွက်(၁) ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်မှာ ဖွင့်လှစ်ထားရှိပါတယ်။

ကျွန်တော်တို့ပါတီ၏ အလံမှာ အစိမ်း၊ အဖြူ၊ အပြာ အချိုးညီ အရောင်သုံးမျိုးဖြင့် ဖော်ပြပြီး အောက်ခြေမှာ အစိမ်းရောင်၊ အလယ်ကွက်၌ အဖြူရောင်၊ အထက်ကွက်၌ အပြာရောင် အလျားလိုက်ကန့်လန့်ဖြတ် ဖြစ်ပါသည်။

အလံ၏ အပေါ်ဆုံးအပြာရောင်ပေါ်၌ လက်ဝဲဘက်ထောင့်တွင် မခိ (ခေါ်) မိုးသောက်ကြယ်ပြောင်တစ်လုံးပါသည်။ ၎င်းကြယ်၏အရောင်မှာ အနီရောင်ဖြစ်ပါသည်။ အလံ၏ အထက်ဆုံးအရောင်မှာ အပြာရောင်ဖြစ်ပြီး အပြာရောင်ဖော်ဆောင်ခြင်းမှာ မိုးကောင်းကင်ကိုညွှတ်ပြီး အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း အဓိပ္ပာယ်ကို ဆောင်သည်။ မိုးသောက်ကြယ်မှာ အနီရောင်ဖြစ်ပြီး ရဲရင့်တက်ကြွပြတ်သားခြင်း အဓိပ္ပာယ်ကို ဆောင်သည်။

အဖြူရောင်မှာ စိတ်ဓာတ်ဖြူစင်ခြင်းကိုညွှတ်ပြီး ဖြူစင်ရိုးသားဖြောင့်မတ်ခြင်း အဓိပ္ပာယ်ကိုဆောင်သည်။

အစိမ်းရောင်မှာ မြေကြီးကိုညွှတ်ပြီး စိမ်းလန်းစိုပြည် တည်ကြည်သန့်ရှင်းခြင်း အဓိပ္ပာယ်ကိုဆောင်သည်။

၎င်းပါတီ၏ ရင်ထိုးတံဆိပ် အထိမ်းအမှတ်မှာ "ဝ" မယက် (ခေါ်) ငှက်ဝါဖြစ်ပြီး နောက်ခံအပြာရောင်ပေါ်တွင် "ဝ" မယက်(ခေါ်) ငှက်ဝါကိုထည့်သုံးပြီး သစ်ကိုင်းပေါ်တွင် နားနေသော ပုံပြင်ဖော်ဆောင်ခြင်းသည် တည်ကြည်ခြင်း၊ အေးချမ်းခြင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။

**ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူများနှင့် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်၌ တိုင်းရင်းသား လူမျိုးစုများအဖြစ် မရှိအတူ၊ ရှိအတူ အေးအတူ၊ ပူအမျှ နေထိုင်လာခဲ့ကြပါတယ်။ရခိုင်ပြည်နယ်ရှိ ရခိုင်အမျိုးသားများ၏ ကူညီစောင့်ရှောက်မှုများဖြင့် အမျိုးဘာသာ သာသနာရေး ကိစ္စများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိတို့ အမျိုးသားများ စည်းလုံးညီညွတ်မှုရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆောင်ရွက်ခွင့်ရှိသောအချိန်အခါ ဖြစ်ပါတယ်။ မိမိဒေသဖြစ်တဲ့ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားမျိုးနွယ်စု ပါတီငယ်တစ်ခုဖြစ်ပါသဖြင့် ရခိုင်ပြည်နယ်၏ အကျိုး၊ ပြည်ထောင်စုရဲ့အကျိုးကို အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိရေးအတွက် ငှက်ဝါအမှတ်တံဆိပ် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို အားပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်ပြန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၁-၁၀-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လေးမြတ်စွာပူဇော်မကွေးဆရာတော် (အပိုင်း-၆)
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၂၅)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀ ၁၃။ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၅၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ Talk Of The Town
၂၁။ မေးမြန်းစူးစမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၄)**
၂၄။ Mini Series
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၁-၁၀-၂၀၁၀ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ မြောက်ယမားတံတားနှင့် နန်ကသူတံတား
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ တေးဂီတအစီအစဉ်
၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ. . . . ကိုယ့်ချစ်သူ" (အပိုင်း-၂၄)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ်
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၃)**
၁၈။ "သုခုမရင်ပြင်"
၁၉။ အစီအစဉ်ပြီး၏။

# အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁၀

**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ပြည်သူလူထုကြီးခင်ဗျား-**

ပဏာမအနေနဲ့ အခုလာမယ့်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ပေါ်ပေါက်လာပုံကို အနည်းငယ်တင်ပြခွင့် ပြုစေလိုပါတယ်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီကို ဦးဆောင်တည်ထောင်သူ အများစုဟာ လွန်ခဲ့တဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ကိုယ်စားပြုပြီးတော့ ရွေးကောက်တင်မြှောက်ခံခဲ့ရသူများဖြစ်ပါတယ်။ အဲဒီအချိန်က "ပြည်သူတွေကို အမှန်လိုလားနေတဲ့ အပြောင်းအလဲတစ်ရပ်ဖြစ်တဲ့ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန်" ကြိုးပမ်းဆောင်ရွက်ပေးပါမယ် ဆိုတဲ့ကတိနဲ့ ဝင်ရောက်အရွေးခံခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အထိ ကျွန်တော်တို့အပေါ် တင်နေသေးတဲ့ ပြည်သူ့ဆန္ဒအကြွေးကို ပေးဆပ်သွားဖို့ ခမောက်သင်္ကေတပါတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ တူညီတဲ့ရည်မှန်းချက်အတွက် လာရောက်လက်တွဲကြတဲ့ လူတန်းစားအလွှာသီးသီးက ပုဂ္ဂိုလ်များနဲ့ အားဖြည့်ပြီးတော့ ပြည်သူ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာ ဖြစ်ပါတယ်။

လက်ရှိကာလဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေး ကြိုးပမ်းမှုခရီးမှာ အလွန်အရေးကြီးတဲ့ အလှည့်အပြောင်းတစ်ခုကို ဖြတ်သန်းနေရချိန် ဖြစ်ပါတယ်။ အခုကျင်းပမယ့်ရွေးကောက်ပွဲကို ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီမိုကရေစီ အပြောင်းအလဲအတွက် ဆောင်ရွက်နိုင်မယ့် လမ်းစလို့ ကျွန်တော်တို့ယူဆပါတယ်။ တစ်ချိန်တည်းမှာ သက်သာချောင်ချိမှုရအောင်လည်းပဲ အားထုတ်လုပ်ဆောင်နိုင်မယ့် အခွင့်အရေး ပေါ်ပေါက်လာနိုင်မယ်လို့လည်း ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက လာမယ့်ရွေးကောက်ပွဲမှာ "ခမောက်" သင်္ကေတနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား-**

ကျွန်တော်တို့ ပါတီအနေနဲ့ လွတ်လပ်မှုကိုအခြေခံတဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကြိုးပမ်းတာနဲ့အတူ ပြည်သူအများရဲ့ စီးပွားရေးကျပ်တည်းမှုနဲ့ လူမှုရေးနာကျင်မှုတွေကိုပါ ဖြေရှင်းသွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

ဒီလိုဖြေရှင်းရာမှာ တစ်ဖက်က ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ဦးစားပေးခွင့်ပြုသလို၊ တခြားတစ်ဖက်မှာ ဆင်းရဲချမ်းသာကွာဟမှုကြီးမားလို့ အခြေအနေ နိမ့်ကျနေတဲ့ အများစုကိုလည်းပဲ ကျွန်တော်တို့ ပစ်ထားလို့မရပါဘူး။ သူတို့ရဲ့ ဘဝသက်သာရာ သက်သာကြောင်းအတွက် အစိုးရက ဝင်ရောက် ကူညီဆောင်ရွက်ပေးရမှာပါ။ ဒါဟာ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ယုံကြည်လက်ခံကျင့်သုံးမယ့် "လူမှုအခြေပြု လွတ်လပ်ခွင့်ဝါဒ" (Social Liberalism)ရဲ့ အခြေခံလည်းပဲဖြစ်ပါတယ်။

ဒီနေရာမှာ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူတွေကြားမှာ အမြဲရှိနေသူတွေပီပီ ပြည်သူလူထုအနေနဲ့ အခက်အခဲတွေ ဘယ်လောက်ရင်ဆိုင်နေရတယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက် နားလည်ပါတယ်။ လာမယ့်လွှတ်တော်က စပြီးတော့ နောက်ပိုင်းကာလများအထိ ဆောင်ရွက်သွားရမယ့် ရေတိုရေရှည်လုပ်ငန်းတွေနဲ့ပတ်သက်လို့ စဉ်းစားထားတာ တချို့ရှိပါတယ်။ ဒါပေမယ့် ပြဿနာအားလုံးကို တစ်မုဟုတ်ချင်း ပြေလည်ရပါစေမယ်ဆိုတဲ့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်မျိုးလည်းပဲ ကျွန်တော်တို့မပေးလိုပါဘူး။

**မိဘပြည်သူများခင်ဗျား-**

ရွေးကောက်ပွဲပြီးသွားတဲ့အခါမှာ ဥပဒေတွေကို အဖွဲ့တစ်ဖွဲ့တည်းက နေပြီးတော့ ပြဋ္ဌာန်းတာမျိုးမဟုတ်တော့ဘဲ၊ လွှတ်တော်တွေမှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ပြဋ္ဌာန်းပေးမှာဖြစ်ပါတယ်။ ပြည်သူလူထုက ကျွန်တော်တို့ "ခမောက်"ပါတီကိုယ်စားလှယ်တွေကို ယုံကြည်စွာရွေးချယ် တာဝန်ပေးအပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီမိုကရေစီအင်အားစုများ လွှတ်တော်ထဲရောက်သွားမှာပါ။ အောက်ဆုံးထစ် ဥပဒေပြုအာဏာထဲမှာ တရားဝင်အသံထွက်လို့ရပါတယ်။ ဒီအခါ ပြည်သူ့ကိုယ်စား ပြောသင့်တာတွေ ပြောနိုင်ပါတော့မယ်။ ပြည်သူအတွက် အကျိုးရှိမယ့် ဥပဒေတွေကို ပြုခြင်း၊ အကျိုးထိမယ့် ဥပဒေတွေကိုပြင်ခြင်း၊ အကျိုးမဲ့တဲ့ ဥပဒေတွေကိုဖျက်ခြင်း ကိစ္စတွေမှာ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါဖြင့် အခုလိုလုပ်ခွင့်ရရင် ဘာတွေလုပ်မှာလဲဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရည်ရွယ်ထားတဲ့ လုပ်ငန်းစဉ်တွေထဲက အရေးပါတာ တချို့ကို ထုတ်နုတ်ပြလိုပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ ဈေးကွက်အခြေခံစီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးသွားမှာဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ လူနည်းစုကသာ စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ကိုင်နေနိုင်တာထက် နိုင်ငံသားတိုင်းအခွင့်အလမ်း ညီညီမျှမျှ စီးပွားရှာနိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပေးရပါမယ်။ ကုန်သွယ်မှုဆိုင်ရာ၊ ငွေကြေးဆိုင်ရာ၊ နိုင်ငံခြားက ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကိုလည်းပဲ ပြန်လည်သုံးသပ်ပြီးတော့ ပြုပြင်ရပါမယ်။ သယံဇာတကရတဲ့ အရင်းအနှီးတွေကိုလည်းပဲ အလုပ်အကိုင်များ ဖော်ထုတ်ရာမှာ ဦးစားပေးပြီးသုံးစွဲဖို့ လိုပါတယ်။ ဒါမှသာ စီးပွားရေးဖွံ့ဖြိုးမှုလမ်းစကို နင်းနိုင်ပြီးတော့ လာမယ့်ဆယ်စုနှစ်အတွင်း ကျွန်တော်တို့ ရှေ့ကိုရောက်နေတဲ့ အိမ်နီးချင်း အာဆီယံနိုင်ငံအချို့ကို အမီလိုက်နိုင်မှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

ပြည်သူလူထုရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ လယ်သမားများနဲ့ အလုပ်သမားများဆိုင်ရာ အချက်များကို တင်ပြလိုပါတယ်။

တောင်သူလယ်သမားများအတွက် လယ်ယာမြေပိုင်ဆိုင်ခွင့်နဲ့ သီးနှံများ လွတ်လပ်စွာ စိုက်ပျိုးသယ်ယူ ရောင်းချခွင့်ရအောင် အထူးကြိုးပမ်းပေးမှာဖြစ်ပါတယ်။ ဒ့ါအပြင် စိုက်ပျိုးစရိတ် အလုံအလောက်ရရှိရေး၊ လယ်ယာထွက်ကုန်များအတွက် အာမခံစနစ်တစ်ခု တည်ထောင်နိုင်ရေးကိုလည်းပဲ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ခေတ်မီစိုက်ပျိုးရေးစနစ်တွေ ကျင့်သုံးပြီး ထိပ်တန်းဆန်ပို့နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိနိုင်ဖို့လည်းပဲ ကျွန်တော်တို့ ရည်ရွယ်ပါတယ်။

အလုပ်သမားများအတွက်မှာလည်း အလုပ်ချိန် တိတိကျကျ သတ်မှတ်ရေး၊ အချိန်ပိုလုပ်ခရရှိရေး၊ အနိမ့်ဆုံးလစာသတ်မှတ်ရေး၊ လူနေမှုစရိတ်နှင့် လိုက်လျောညီအောင် လုပ်ခလစာနဲ့ ပင်စင်လစာတို့ကို ညှိနှိုင်းသွားရေး၊ အလုပ်သမားများ၏ နောင်ရေးအတွက် ပင်စင်လစာပေါ်မှာ အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ထူထောင်ရေး စတာတွေကို ဥပဒေပြဋ္ဌာန်းနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။

ဆက်လက်ပြီး လူမှုရေးဆိုင်ရာနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်-

ပညာရေးဟာ လူမှုဘဝသာယာဖြောင့်ဖြူးရေးနဲ့ နိုင်ငံရဲ့ရေရှည်တိုးတက်ရေးအတွက် သော့ချက်ဖြစ်ပါတယ်။ ကျောင်းသားသူငယ်များ အခြေခံပညာတတ်ကျွမ်းနိုင်ရေးအတွက် အလယ်တန်းအဆင့်ထိ အခမဲ့ပညာသင်ကြားရေးကို ပေးစွမ်းနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်သွားပါမယ်။ တစ်ဆက်တည်းမှာ နည်းပညာတွေ အလျင်အမြန်တိုးတက်နေတဲ့ ခေတ်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာအဆင့်မီ ခေတ်မီပညာတတ်တွေ မွေးထုတ်ရေးဟာ အချိန်ဆွဲရမယ့် ကိစ္စမဟုတ်တော့တဲ့အတွက် အမြန်ကြိုးစား ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ကျန်းမာရေးနဲ့ ပတ်သက်လို့ ပုံမှန်လူတန်းစေ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသအထိ လက်လှမ်းမီအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းများရဲ့ အတတ်ပညာပိုင်းနဲ့ ကျင့်ဝတ်ပိုင်း ကောင်းမွန်တိုးတက်ရေးကိုလည်းပဲ ကျွန်တော်တို့ ကြိုးပမ်းသွားရပါမယ်။ အထူးသဖြင့် ငွေကြေးမတတ်နိုင်လို့ သာမန်ရောဂါတောင်မကုနိုင်၊ အသက်ပါ အဆုံးခံရမယ်ဆိုတဲ့ အဖြစ်မျိုးကိုတော့ ကျွန်တော်တို့ပါတီအနေနဲ့ လက်ခံနိုင်မှာ မဟုတ်ပါဘူး။

ပညာရေး၊ ကျန်းမာရေးကိစ္စများအပြင် အခြားဝန်ဆောင်မှုများဖြစ်တဲ့ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး စတဲ့ လုပ်ငန်းတွေမှာ ပုဂ္ဂလိကပိုင်းနဲ့ အစိုးရပိုင်း ယှဉ်ပြီးတော့ လုပ်ဆောင်သွားနိုင်ဖို့ ကျွန်တော်တို့ ရည်ရွယ်ပါတယ်။

သက်ကြီးရွယ်အိုများ၊ မိခင်လောင်းများ၊ မိဘမဲ့များ၊ ကိုယ်အင်္ဂါချို့ယွင်းသူများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သူများအတွက် လူမှုစောင့်ရှောက်ရေးလုပ်ငန်းများကို အစိုးရမဟုတ်တဲ့ လူမှုအဖွဲ့အစည်းများနဲ့အတူ အစိုးရပိုင်းကလည်းပဲ တာဝန်ယူနိုင်အောင် ကြိုးစားသွားပါမယ်။ ဒီနေရာမှာ အချိန်အခက်အခဲကြောင့် လိုရင်းကို သာပြောရပေမယ့် အလေးအနက် ပြောလိုတာတစ်ခုကတော့ ပြည်ထောင်စုတိုင်းရင်းသားများ အရေးပါပဲ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုပြီးတော့ ကျွန်တော်တို့ပါတီရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာ အခုလို တင်ပြထားပါတယ်။

"တိုင်းရင်းသားများနဲ့ သက်ဆိုင်သော ပြဿနာများ ဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးများ အားလုံးတန်းတူညီမျှသည့် အခွင့်အရေးများ ရရှိရန်"ဆိုတဲ့အတိုင်း ကျွန်တော်တို့ပါတီက အလေးအနက်ထားပြီးတော့ ဆောင်ရွက်သွားမှာပါ။

ကျွန်တော်တို့ပါတီရဲ့ အခြားအရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ခုကတော့ အမျိုးသားသွေးစည်းညီညွတ်ရေးပဲ ဖြစ်ပါတယ်။ အမျိုးသားသွေးစည်းညီညွတ်ရေးတည်ဆောက်နိုင်ဖို့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မမှိတ်မသုန် ယုံယုံကြည်ကြည်နဲ့ ကြိုးပမ်းသွားကြဖို့ အထူးပဲ လိုအပ်လှပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်နိုင်မှသာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှေ့အနာဂတ်မှာ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက အလေးအနက်ယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

**မဲဆန္ဒရှင်လူထုကြီးခင်ဗျား-**

ကျွန်တော်တို့အမျိုးသားဒီမိုကရေစီအင်အားစု"ခမောက်"ပါတီ အနေနဲ့ မိမိတို့ရဲ့သဘောထား၊ လုပ်ငန်းစဉ်တွေထဲက အဓိကအချက်အချို့ကိုသာ ကျွန်တော်တို့ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုမူဝါဒနဲ့ လုပ်ငန်းစဉ်တွေကို ကိုင်စွဲပြီးတော့ ကျွန်တော်တို့ပါတီကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများဟာ ဒေသအသီးသီးမှာ ဒီ"ခမောက်"သင်္ကေတနဲ့ ဝင်ရောက်အရွေးချယ်ခံကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ပြည်သူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတို့အတွက် ဆောင်ရွက်ရာမှာ "တို့လုပ်မှရမယ်၊ တို့ပဲ လုပ်ပိုင်ခွင့်ရှိတယ်" ဆိုတဲ့ သဘောထားမျိုး မရှိပါဘူး။ ဘယ်သူပဲလုပ်လုပ် ကောင်းဖို့ပဲလိုပါတယ်။ မဲဆန္ဒရှင်ပြည်သူများကသာ မိမိတို့ရဲ့ ဒီမိုကရေစီ အခွင့်အရေးကို လက်လွှတ်မခံဘဲ မိမိနှစ်သက်ယုံကြည်တဲ့ပါတီနဲ့ မိမိနှစ်သက်ယုံကြည်တဲ့ ပုဂ္ဂိုလ်ကို မှန်မှန်ကန်ကန် ရွေးချယ်ပြီး ဆန္ဒမဲပေးဖြစ်အောင်ပေးဖို့ အရေးကြီးပါတယ်။ ဒါမှလည်း မိမိတို့လိုချင်တဲ့ အပြောင်းအလဲက ပေါ်ပေါက်လာနိုင်မှာပါ။

ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ "ခမောက်" ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မဲဆန္ဒရှင်လူထုကြီးထံ ကြိုတင်ပြီးတော့ ကျွန်တော်အပ်နှံလိုက်ပါပြီ။ လိုအပ်သလို ပြုပြင်ဝေဖန် အကြံပေးခြင်း၊ လမ်းညွှန်ပံ့ပိုးကူညီခြင်း ပြုလုပ်ပေးဖို့ အထူးမေတ္တာရပ်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဝင်များဟာ-

- ပြည်သူ့ထံပါးမှ မည်သည့်အခါမျှ စွန့်ခွာသွားမည်မဟုတ်၊
- ဒီမိုကရေစီတိုက်ပွဲမှ မည်သည့်အခါမျှ စွန့်ခွာသွားမည်မဟုတ်၊
- ရွေးကောက်ပွဲသည် ဒီမိုကရေစီလမ်းစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်

ဆိုတဲ့သဘောထားအတိုင်း အခိုင်အမာ ဆက်လက်ရပ်တည်သွားကြမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ယုံယုံကြည်ကြည် ဆန္ဒမဲပေးနိုင်ကြပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

မဲဆန္ဒရှင်များနဲ့တကွ ပြည်သူလူထုတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကျပါစေ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# တစ်ခါတုန်းက ကေတုမတီ

**အနှစ် ၅၀၀ ပြည့်ခဲ့ပါပြီ။**

မြန်မာသက္ကရာဇ် ၈၇၂ ခု တန်ဆောင်မုန်းလပြည့် ဗုဒ္ဓဟူးနေ့ (အေဒီ ၁၅၁၀ အောက်တိုဘာ ၁၆ ရက်)တွင် တောင်ငူဘုရင် မင်းကြီးညိုသည် ကေတုမတီ တောင်ငူနေပြည်ကို ယနေ့တောင်ငူမြို့နေရာတွင် တည်တော်မူခဲ့ပါသည်။ လွန်ခဲ့သော အနှစ် ၅၀၀ က ကေတုမတီ၏ပုံရိပ်ကို ရာဇဝင်ကျမ်းများ၊ တောင်ငူခေတ်တွင်ဖွဲ့ဆိုခဲ့သော ဧချင်းကဗျာများ၊ ရတုကဗျာများတွင် ဇာတိမာန်တက်ကြွဖွယ်၊ အားရကြည်နူးဖွယ် တွေ့မြင်ရပါသည်။

မှန်နန်းရာဇဝင်တော်ကြီးတွင် **"ကြာအင်းကိုအတွင်းသွင်း၍ အရှေ့အနောက် အတာခုနစ်ရာ၊ တောင်မြောက် အတာတစ်ထောင်ရှိသော ကေတုမတီမည်သော တောင်ငူမြို့ကို တည်တော်မူသည်။ ကြာအင်းတစ်ဖက်ကိုလည်း ပိန်နဲ၊ သရက် စသော သီးမျိုးဥယျာဉ်၊ စံပယ်၊ ကြက်ရုံးစသော ပန်းမျိုးဥယျာဉ်တို့ကို စိုက်လုပ်ရသည်။ ရေအင်းအလယ် သာယာလှစွာသော အိမ်တော်ကိုဆောက်စေသည်။ အင်းတစ်ဖက် တန်ဆောင်းမင်းတဲဆောက်စေပြီးလျှင် သဘင်မပြတ်ခံ၍ စံတော်မူသည်"** ဟူ၍ မှတ်တမ်းတင်ထားပါသည်။ ထို့ပြင် မင်းကြီးညိုသည် **"မြို့လယ်နန်းတော်ရာ၌လည်း မဏ္ဍပ်ဆောက်စေ၍ မြို့ပတ်လည်ဝန်းကျင်တွင် သီတင်းသုံးသော အရိယာသံဃာ၊ အဝေးအနီးမှရောက်လာသော အရိယာသံဃာတို့အား ပရိက္ခရာရှစ်ပါးနှင့် တကွ ခမည်းတော် မဟာသင်္ဃာကို ဆွမ်းမပြတ် လုပ်ကျွေးစေရသည်။ မဝတ်မစားရ အထီးကျန်သော သူဆင်းရဲတို့အား အဝတ်၊ ပုဆိုး၊ ကြေး၊ ဆန်မပြတ် စွန့်ကြဲတော်မူသည်။ ပုဏ္ဏားတို့အားလည်း ငွေ၊ ပုဆိုးလှူတော်မူသည်"**ဟူ၍လည်း ဖော်ပြထားပါသည်။

တပင်ရွှေထီးမင်းသားငယ်လေး၏ ပုခက်တင်မင်္ဂလာအခမ်းအနားတွင် သီဆိုသော စာဆို လှော်ကားသုံးထောင်မှူးရေးဖွဲ့သည့် မင်းတရားရွှေထီး ဧချင်းများတွင်-

**"သရေခေတ်ပုံ၊ စည်းခုံပြောင်ပြောင်၊ တည်ပြီးနောင်"**

**"စုလစ်သွန်းသွန်း၊ နန်းလည်းဆောက်မည်၊ အသင့်ရည်၍၊ ရွှေပြည်ကေတု၊ မြို့သစ်ပြုရှင့်၊ ပျော်မူသစ်ဌာန်၊ ကြာအင်းကန်ကို၊ ပန်းမန်စေ့စုံ၊ စေ့ပျိုးတုံသည်၊ ကြာငုံတည့်ပေါ်ထွေး၊ ရေဖွေးဖွေး"**

**"ကေတုမတီ၊ ခေါ်ညီရွှေပြည်၊ မြို့ကြီးတည်မူ၊ စက်ခြည်ထွန်းပြောင်၊ မင်းကျော်ခေါင်ဟု၊ ရွှေတောင်ကွန်းပြောက်၊ ဘုံသာဆောက်၍၊ လက်မြှောက်အိန့်ရှင်၊ ကျူးအုံ့ယင်"** စသည်ဖြင့် ဖွဲ့ဆိုထားပါသည်။

မင်းကြီးညိုသည် စည်းခုံစေတီတော်ကြီးကို ဦးစွာတည်ခဲ့ပါသည်။ ယင်းသည့်နောက်တွင်မှ သွန်းသွန်းမြင့်မားသော စုလစ်မွမ်းချွန်များ၊ အပြောက်အမွမ်းများဖြင့် တန်ဆာဆင်သည့် ရွှေတောင်ကြီးကဲ့သို့သော ရွှေနန်းဘုံဆောင်တော်ကြီးကို တည်ဆောက်မည်ဟု ရည်ရွယ်ခဲ့ပါသည်။ ရွှေနန်းတော်ကြီးနှင့် လိုက်ဖက်သင့်မြတ်လှသည့် နတ်ပြည်နတ်ရွာနှင့် တူလှပါပေသည်ဟု အံ့သြချီးမွမ်းကြသော ကေတုမတီရွှေပြည်ကြီးကို တည်ထောင်တော်မူခဲ့ပါသည်။ ကန်ရေပြင်ဖွေးဖွေး ကြာဖူးကြာငုံ အထွေးထွေးတို့ဖြင့် ပျော်မွေ့ဖွယ်ရာသော ကြာအင်းကန်တွင် ပန်းမန်အမျိုးမျိုးတို့ကို စေ့စေ့စုံစုံ စိုက်ပျိုးစေခဲ့ပါသည်။ မြှောက်စည်၊ အိန့်ရှင်စည်များတီးခတ်ကာ ရွှေနန်းတက်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ပါသည်။

ကေတုမတီ တောင်ငူရွှေပြည်သစ်တည်ပြီး ခြောက်နှစ်အကြာတွင် မင်းကြီးညို၏ ကေတုမတီရွှေနန်းတော်သစ်ကြီးမှာပင် ရာဇဒေဝီရှင်မိဖုရားမှ သားတော် တပင်ရွှေထီးကို ဖွားမြင်ခဲ့ပါသည်။ ဖွားတော်မူပြီး တစ်ပတ်ခန့်အကြာ ချက်ကြွေချိန်တွင် ကြာအင်းကန်ရှိ နေရောင်ပြနန်းတော်၌ ပုခက်တင်မင်္ဂလာ၊ ကင်ပွန်းတပ်မင်္ဂလာနှင့် အိမ်ရှေ့နှင်း မင်္ဂလာအခမ်းအနားတို့ကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပါသည်။

ဘိုးတော် မဟာသင်္ဃာ၏ "ရွှေပုခက်ကို၊ ညောင်ရွက်လူလူ၊ ရွှေချြူသဲသဲ၊ ရွှေပန်းဆွဲလျက်"၊ ရွှေကိုင်း၊ ရွှေချိတ်၊ ရွှေတံများ၊ ပုလဲရတနာ၊ မြရတနာများ စီခြယ်ခြင်း၊ ခြင်္သေ့ရုပ်၊ နဂါးရုပ်၊ ဘီလူးရုပ်၊ ခြူးရုပ် စသည်များဖြင့် တန်ဆာဆင်ခြင်းများပြုလုပ်ပြီးလျှင် မင်းသားငယ် တပင်ရွှေထီးအား ပုခက်တင်ခဲ့ပါသည်။ ကွမ်းလောင်း၊ ကွမ်းခွက်၊ စလင့်ကြာ၊ ရွှေကြာဖူး၊ လက်တင်၊ ရွှေမြူတာ၊ မုနောရွှေလင်ပန်း အစရှိသော လက်ဝဲမင်းခမ်းတော်၊ လက်ယာမင်းခမ်းတော်များကိုလည်း တခမ်းတနားခင်းကျင်းသည်။ စည်ကြီးများတီး၊ တံပိုးများမှုတ်ပြီး တူရိယာငါးပါးကိုလည်း တီးခတ်သည်။ နန်းတွင်းလုလင်များက ပုခက်ဝန်းကျင်တွင် ဝန်းရံနေကြသည်။ နန်းတွင်းသူလေးများက **"သံညောင်းသံညှံ့၊ သံပျံ့သံဧ၊ အချင်းပေးလျက်၊ သံလေးသံအိုင်၊ သံပြိုင်သံချို"** ဖြင့် ဧချင်းကိုသီဆိုကာ ရွှေပုခက်ကို တစ်ဖက်စီဆွဲ၍ မင်းသားငယ်လေးအား ချော့သိပ်ကြပါသည်။

အိမ်ရှေ့မင်းအဖြစ် ဘိသိက်နှင်းသောအခါတွင်မူ မင်းသားငယ်လေးအား ရွှေသလွန်ထက်၌ ရွှေပြားခံပြီး ကျောက်မျက်ရတနာများ ခင်းကျင်း၍ စံပယ်စေပါသည်။ လွှား၊ ကာ၊ လေး၊ လှံများ အထက်အောက်ဝန်းရံပြီး ပုဏ္ဏားပုရောဟိတ်များက ဂါထာတော်များ ရွတ်ဖတ်ကြသည်။ အောင်သပြေနှင့် ဘိသိက်ရေများ သွန်းလောင်းပေးကြသည်။ ရှင်မဟာဗ္ဗဆရာတော်က ဘိသိက်မြှောက်ပေးခဲ့သည်။ ဖခမည်းတော်က သရဖူ၊ ထီးဖြူ၊ ဆင်၊ မြင်း၊ အမတ်မယား၊ အထိန်းအယများ၊ ဖွားဖက်တော်များ၊ ကျေးကျွန်များ အမြောက်အမြားပေးခဲ့သည်။ အဘိုးအဘွား၊ မင်းဆွေစိုးမျိုး၊ မှူးရိုးမတ်သားများကလည်း လက်ဆောင်လက်ဖွဲ့များစွာ ပေးခဲ့ကြပါသည်။ မင်းသားငယ် တပင်ရွှေထီး၏ တင့်တယ်ထည်ဝါလှသော မင်္ဂလာအခမ်းအနားများ ဖြစ်ပါသည်။ လွန်ခဲ့သော အနှစ် ၅၀၀ က ကေတုမတီတောင်ငူရွှေပြည်၏ စည်ပင်သာယာမှုများနှင့် ကေတုမတီ

## ခင်ဆွေမြင့် (မြန်မာစာ)

တောင်ငူရွှေနန်းတော်၏ ခမ်းနားကြီးကျယ်လှသော ထီးဓလေ့၊ နန်းဓလေ့၊ နန်းတွင်းယဉ်ကျေးမှု အစဉ်အလာများပင် ဖြစ်ပါသည်။

ကေတုမတီတောင်ငူမြို့သစ် နန်းသစ်ကို မင်းကြီးညို တည်ပြီးနောက် နှစ်ပေါင်း ၉၂ နှစ်အကြာ မြန်မာသက္ကရာဇ် ၉၆၄ ခု နတ်တော်လဆန်း ၈ ရက် ကြာသပတေးနေ့ (အေဒီ ၁၆၀၂ နိုဝင်ဘာ ၁၁ ရက်)တွင် ဘုရင့်နောင် မင်းတရားကြီး၏တူတော် တောင်ငူဘုရင် မင်းရဲသီဟသူသည် ကေတုမတီမြို့တော်ကို ပြုပြင်မွမ်းမံပြီး ရွှေနန်းတော်သစ်နှင့် နန်းမြို့သစ်ကို တည်တော်မူပါသည်။ မှန်နန်းရာဇဝင်တော်ကြီးတွင် **"တန်ခူးလဆန်း ၁၀ ရက် သောကြာနေ့. . . ရှင်မိဖုရားခေါင်နှင့် နန်းတက်တော်မူသည်။ နန်းမြို့ကို သာရဒီပ အောင်ချာဝတီ. . . ဟူ၍ သမုတ်တော်မူသည်။"**

**"မြို့ရှေ့ချောင်းမရှင်စောအပါးတွင် သာယာလှစွာသော ကျောင်းရန်နှစ်ဆယ်နှင့်တကွ ကျောင်းကြီးဆောက်တော်မူသည်။"**

**"ကြာအင်း၌ ရေနန်းဆောက်စေ၍ လက်ဝဲမြေနန်း၊ လက်ယာမြေနန်း ထားတော်မူသည်။ ကန်လေးထောင့်ကို စံပယ်ကျွန်း၊ အုန်းကျွန်း၊ ငှက်ပျောကျွန်း၊ လိမ္မော်ကျွန်းဟူ၍ လေးကျွန်းစီရင်တော်မူသည်။ ထိုလေးကျွန်း၌ သာယာလှစွာသော မင်းတဲဆောက်စေ၍. . . . လေးကျွန်းကို လှည့်တော်မူ၍ ရွှင်စံတော်မူပြီးမှ ရေနန်းကို တက်တော်မူသည်"** စသည်ဖြင့် မှတ်တမ်းတင်ထားပါသည်။

ရွှေနန်းတော်အသစ်ကိုတည်ပြီး သုံးနှစ်အကြာတွင် မြေးတော် မင်းရဲနရာ မင်းသားလေးကို ဖွားမြင်ပါသည်။ မင်းရဲနရာဧချင်းတွင် လွန်ခဲ့သောအနှစ် ၄၀၀ က ကေတုမတီကို တွေ့မြင်ရပါသည်။

ကေတုမတီကို အင်းအိုင်များရှိသော မြေနုကျွန်းပေါ်တွင် တည်ထားသည်။ ရေကျုံး၊ ညွန်ကျုံးများ ဝန်းရံနေသော မြို့ရိုးသည် ရဲလောင်း၊ ရင်တား၊ ပစ္စင်၊ သူရဲပြေး စသည်တို့ဖြင့် ပြည့်စုံခိုင်မာလှသည်။ **"တံခါးနှစ်ဆယ်၊ ပျော်ဖွယ်လမ်းပေါင်၊ နှစ်သွယ်မြောင်လည်း၊ နေရောင်မထိုး၊ မြရိပ်မိုးလျက်၊ ပြအိုးတန်ဆောင်း၊ ရောင်မောင်းထွန်းသစ်"**သော မြို့ရိုးဖြစ်သည်။ မြို့ရိုးထက်တွင် **"လေးမြားမီးပေါက်၊ အမြောက်မြတပူ"**စသည့် လက်နက်ခဲယမ်းများကို အဆင်သင့်ထားရှိသည်။ ကေတုမတီဆင်တပ်တွင် တိုက်ဆင် ၁၀၀ ရှိသည်။ ဆင်ကျုံးတည်ဆောက်ထားပြီး ဆင်များ ကျုံးသွင်းလျှင် ရွှေနန်းတည်မင်းကိုယ်တိုင် လာရောက်ကြည့်ရှုသည်။ နှစ်စဉ် ဆင်ခင်းသဘင်၊ မြင်းခင်းသဘင် ပြုလုပ်ပြီး ဆင်စမ်း၊ မြင်းစမ်းသည်။ စက်ပစ်ကွင်းပြုလုပ်ပြီး ပြောင်း၊ လှံ၊ သေနတ်စမ်းသည်။ ကေတုမတီ၏ စစ်ရေး၊ လုံခြုံရေး အစီအမံများပင် ဖြစ်ပါသည်။

ကေတုမတီ၏ အရပ်ရှစ်မျက်နှာလုံးတွင် လယ်ယာဥယျာဉ်များကိုသာ တွေ့မြင်ရပါသည်။ မြစ်ဆိပ်ကမ်းနားတွင် လှေများ၊ တက်များ ယှက်တင်နေပါသည်။ ရောင်း၍ဝယ်၍ မကုန်နိုင်သော အမွှေးအကြိုင်၊ အဝတ်အထည်များသည် အကျွန်းကျွန်းမှ သင်္ဘောများဖြင့် ရောက်ရှိလာကြပါသည်။ **"ဈေးနှင့် အိမ်ရာ၊ ဆက်ကာစပ်နေ၊ ရွှေငွေမျက်ရှင်၊ လိုအင်မတ၊ ကြိုက်တိုင်းရ"** သောကြောင့် ခြေကျင်သွားသူများ၊ ဆင်များ၊ မြင်းများ၊ လှည်းများဖြင့် လမ်းများပိတ်ဆို့နေသည်မှာ တိုး၍ပင်မရအောင် ဖြစ်ပါသည်။

ရွှေနန်းတော်သစ်ကိုလည်း **"ပြာသာဒ်ဘုံမြင့် ခုနစ်ဆင့်ဝယ် "** လိုဏ်မုတ်လေးခုထုတ်၍ ဆောက်လုပ်ထားပါသည်။ စိန်၊ မြ၊ နီလာစသော အမျက်ရတနာများ စီခြယ်ထားပါသည်။ ပန်းပွင့်ပန်းခက်များ **"ဥဒေါင်းကြိုးကြာ၊ ကိန္နရာနှင့်၊ ဟသ်ာရေကြက်"** စသော အရုပ်များကို ထုလုပ်ထားသည်။ နန်းတော်ရှိ အခန်းခန်း အဆောင်ဆောင်တို့သည်လည်း **"ရွှေညောင်သလွန်၊ လေသွန်ပျံ့ညင်း၊ ပြတင်းကွန်ရက်၊ ပြိုးပြိုးပြက်ပြက်"** နေပါသည်။

ကေတုမတီ ရွှေနန်းတည် မင်းရဲသီဟသူသည် မင်းကြီးညို ပြုပြင်ခဲ့သော ကြာအင်းကန်ကို ပြုပြင်မွမ်းမံပါသည်။ **"လှော်မြောက်ကြွားကြွား၊ ဆယ်ပါးရုပ်မျိုး၊ တိုးစာမရီ၊ တက်ပြိုင်ချီ၍၊ ရာသီဆယ့်နှစ်၊ ပျော်ဖွယ်ဖြစ်သား၊ နေချစ်အာရုံ၊ ကြိုင်နံ့ထုံသည်၊ ကြာငုံတည့်ဖွေးဖွေး၊ ခြင်းခြင်းတွေး"** ဟူ၍ ဖွဲ့ဆိုထားပါသည်။ လှေပြိုင်ပွဲများ ကျင်းပသော ကန်တော်၊ တစ်ဆယ့်နှစ်ရာသီပတ်လုံး နှလုံးမွေ့လျော်ပျော်ဖွယ်ရာ ဖြစ်သောကန်တော်၊ နေရောင်ခြည်အောက်တွင် ကြာဖြူ ကြာနီရနံ့များ ထုံသင်းမွှေးကြိုင်နေသော ကန်တော်ဖြစ်ပါသည်။

တပေါင်းလတွင် မြတ်စောညီနောင်ဘုရားပွဲ၊ တန်ခူးလတွင် အတာသင်္ကြန်ပွဲနှင့် ရွှေဆံတော်ဘုရား ရေသပ္ပာယ်ပူဇော်ပွဲ၊ ကဆုန်လတွင် လေးကျွန်းကန် ရေနန်းသဘင်ပွဲ၊ ဝါဆိုလတွင် ကမ်းနီရှိ မြသိတင်ဘုရားပွဲ၊ တော်သလင်းလတွင် ပေါင်းလောင်းမြစ် လှေပြိုင်ပွဲ၊ သီတင်းကျွတ်လတွင် ကန်တော့ခံပွဲများ ကျင်းပသည်။ မင်းမိဖုရားနှစ်ပါးသည် မှူးကြီးမတ်ရာများ၊ နန်းတွင်းသူ နန်းတွင်းသားများ၊ ပြည်သူ ပြည်သားများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **" စက်ရထားထက်၊ နှစ်ပါးမကွာ၊ ရံသူဇာနှင့်၊ ခရာလက်တံ၊ ကျံကျံနွဲ့ရင့်၊ ရိပ်ဖြူဖွင့်လျက်၊ မင်းကျင့်သဘင်၊ နှစ်တိုင်းရွှင်၊" "မြသိတင်ဟု၊ မွေရှင်သိင်္ဂီ၊ မြတ်ကမ်းနီသို့၊ ကုံးသီရှေးဦး၊ ကိုယ်တော်ဖူး"** စသည့် အဖွဲ့များဖြင့် ဖွဲ့ဆိုထားပါသည်။

ကေတုမတီရွှေနန်းတည်လက်ထက် ကေတုမတီတောင်ငူပြည်၊ သာရဒီပ အောင်ချာဝတီ နန်းမြို့သစ်နှင့် ရွှေနန်းတော်သစ် အခင်းအကျင်းများနှင့် ပွဲလမ်းသဘင်များ၊ မင်းခမ်းမင်းနားများသည် လွန်ခဲ့သော အနှစ် ၄၀၀ က ကေတုမတီ၏ စိမ်းလန်းစိုပြည်မှု၊ သာယာဝပြောမှု၊ စည်ကားသိုက်မြိုက်မှု၊ ခံ့ညားထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်မြင့်မားမှု၊ ချစ်ခင်နွှေးထွေးမှုများကို ဖော်ပြနေပါသည်။

အတိတ်ခေတ် ကေတုမတီ၏ အမွေအနှစ်များကို ခံယူရရှိပြီး အသုံးပြုခွင့်ရခဲ့သော ကေတုမတီတောင်ငူသို့ ပြောင်းရွှေ့နေထိုင်ခဲ့ဖူးပါသည်။ ယနေ့ ကေတုမတီတောင်ငူသည် စိမ်းလန်းစိုပြည်၍ သာယာလင်းကျင်းလှပါသည်။ တောင်ငူဒေသနေများသည်လည်း ရိုးသားပွင့်လင်းပြီး စိတ်ရင်းကြည်လင်ကြပါသည်။ ဘုရားစေတီတော်များသည်လည်း ရွှေရောင်ဝင်းပနေကြပါသည်။ တစ်ချိန်က ကြာအင်းဟူ၍လည်းကောင်း၊ လေးကျွန်းကန်ဟူ၍လည်းကောင်း ထင်ရှားခဲ့သော ကန်တော်ကြီးသည်လည်း ပဒုမ္မာကြာအိုင်ကြီး ဖြစ်နေပါသည်။ ယဉ်ကျေးမှုတန်ဖိုး၊ သမိုင်းတန်ဖိုးကြီးမားလှသော မြို့ရိုး၊ ကျုံး၊ မြောင်းများသည်လည်း ကျန်ရှိနေဆဲ ဖြစ်ပါသည်။

ကေတုမတီတောင်ငူသည် ရှေးကေတုမတီ၏ ပုံရိပ်၊ ရှေးမြန်မာမင်းများ၏ ပုံရိပ်၊ ရှေးမြန်မာကြီးများ၏ ပုံရိပ်များကို ထင်ဟပ်ဖော်ပြပေးနေသော သမိုင်းဝင်ဒေသကြီးဖြစ်ပါသည်။ တို့ရေ၊ တို့မြေ၊ တို့ပြည်၊ တို့မင်း၊ တို့ဘာသာ သာသနာ၊ တို့စာပေ၊ တို့ယဉ်ကျေးမှုဟူသော အမျိုးသားရေးဇာတိမာန် စိတ်ဓာတ်များကို နိုးကြားရှင်သန်လာအောင် စွမ်းဆောင်ပေးနေသော ရှေးမြို့ကြီးလည်းဖြစ်ပါသည်။

ကျွန်မတို့ နောင်လာနောက်သား နှောင်းလူများသည် အနှစ် ၅၀၀ က မြို့တည်၊ နန်းတည်ခဲ့သော ကေတုမတီ၏အမွေအနှစ်များကို မပျောက်ဆုံးအောင်၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရှေးမြန်မာကြီးများ၏ ဇာတိသွေး ဇာတိမာန် စိတ်ဓာတ်အမွေကို ရရှိနိုင်ကြမည် ဖြစ်ပါသည်။

**အနှစ် ၅၀၀ ကြာမြင့်ခဲ့ပါပြီ။**

ကေတုမတီတောင်ငူရွှေပြည်၏ အနှစ် ၅၀၀ ပြည့်သော ၂၀၁၀ ခုနှစ် အထိမ်းအမှတ်အခါသမယတွင် ဤဆောင်းပါးဖြင့် **"တစ်ခါတုန်းက ကေတုမတီ"** ကို ချစ်ခင်လေးမြတ်စွာ ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။ ။



ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် ရေဦး-ဆည်ကြီး-ညောင်လှလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## စဉ့်ကူ အထက(ခွဲ) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဉ့်ကူ အထက(ခွဲ) တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၅၄ ခုနှစ်မှ အောက်တိုဘာ ၃၀ ရက်အတွင်း စဉ့်ကူအလယ်တန်းကျောင်း (အထက်တန်းကျောင်းခွဲ) တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်(သို့) လုပ်သက်ပြည့် အငြိမ်းစားယူသွားသည့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးစိုးဝင်း (သတင်းထောက်စဉ့်ကူစိုးဝင်း) ဖုန်း ၀၁-၆၄၃၈၂၆၊ ဦးမြင့်လွင် (အင်/ယာ) နေပြည်တော် ဖုန်း-၀၆၇-၇၇၀၂၈၊ ၀၆၇-၄၂၁၁၂၉၊ ဦးဝင်းလှိုင် ဖုန်း-၀၁- ၅၈၁၆၇၆၊ ဒေါ်မြမြနွယ် (မန္တလေး)ဖုန်း-၀၂-၈၀၅၁၅၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၂-၅၄၇၀၇၊ ဦးမြင့်ဆွေ (စဉ့်ကူ)ဖုန်း-၀၉-၄၇၂၀၈၄၁၇နှင့် ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉- ၂၀၄၇ ၃၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၇)

ပဲခူးတိုင်းဒေသကြီး ခရိုင်ချင်းဆက်လမ်းအမှတ်(၂) သစ်ကြိမ်း-ထုံးဘိုကြီးလမ်းပိုင်း ဆောင်ရွက်ပြီး ကတ္တရာလမ်း ကြံ့ခိုင်ကောင်းမွန်ရေးကို စက်တင်ဘာ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြည်သူများ စာဖတ်ရှိန်မြင့်တက်လာရေး စည်းရုံးဆောင်ရွက်သွားကြရန် ညောင်ဦးခရိုင် ပြန်/ဆက်ရုံး ဝန်ထမ်းများအား မှာကြား

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် အောက်တိုဘာ ၉ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တိုက်တွန်းမှာကြား**

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ညောင်ဦးခရိုင် ဦးစီးအရာရှိ၊ ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့နယ်တို့မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ညောင်ဦးခရိုင်အတွင်း တည်ထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၂၃၄ တိုက်အနက် သတ်မှတ်စံ(၅)ချက်နှင့်ကိုက်ညီသည့် အခိုင်အမာ စာကြည့်တိုက်အဖြစ် ဆောင်ရွက်ရန် ကျန်ရှိနေသော စာကြည့်တိုက် ၄၀ ကို အခိုင်အမာ စာကြည့်တိုက်များ အဖြစ် အကောင်အထည်ဖော်နိုင်ရေး အား(၄)အားဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ပြည်သူများ စာဖတ်သည့်အလေ့အကျင့် စွဲမြဲလာပြီး စာဖတ်ရှိန် ပိုမိုမြင့်တက်လာစေရေး အတွက် ကျပန်းစကားပြောပွဲများ၊ စကားရည်လုပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ စာဖတ်ဝိုင်းများနှင့် စာအုပ်ဆွေးနွေးပွဲများပြုလုပ်၍ စည်းရုံးဆောင်ရွက်သွားကြရန် ဆွေးနွေးတိုက်တွန်း မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ညောင်ဦးမြို့နယ်ရှိ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်သူများအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကြွယ်၊ အတွင်းရေးမှူး ဦးညီညီအောင်၊ အလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါ်မြမြ၊ ဦးမျိုးအောင်နှင့် ဦးစိုးအောင်တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bangkok International Trade & Exhibition Center (BITEC) ၌ အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် The 7th Thailand International Logistics Fair 2010 သို့တက်ရောက်ရန် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။**(အပေါ်ပုံ)**

အဆိုပါပွဲသို့ Myanmar International Freight Forwarder's Association နှင့် Myanmar Marchentine Marine Development Association တို့မှ တာဝန်ရှိသူများလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာပို့စ်ဂျာနယ် အတွဲ(၂) အမှတ်(၃၉)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "ကေဘယ်ကြိုးမလိုဘဲ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် နေရာမရွေး နိုင်ငံတကာတီဗွီလိုင်းများ ကြည့်နိုင်သည့် DTH စနစ်နှင့် တီဗွီ၊ တယ်လီဖုန်း၊ အင်တာနက်နှင့် အခြားဝန်ဆောင်မှုမျိုးစုံ သုံးနိုင်သည့် MPS စနစ်လာပြီ" မျက်နှာဖုံးသတင်းဆောင်းပါးနှင့် "ကမ္ဘာတစ်ဝန်းတွင် လူပေါင်းသန်း ၁၀၀၀ ငတ်မွတ်ခေါင်းပါးနေ၊ စားသောက်ကုန် ဈေးနှုန်းမြင့်တက်သဖြင့် ဝယ်ယူရန် အခက်အခဲရှိ" ဆောင်းပါး၊ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ စက်လှေနစ်မြုပ်၊ လူ ၁၉ ဦးသေဆုံး၊ သုံးဦးပျောက်ဆုံး၊ ၅၇ ဦးအသက်ရှင်၊" ကင်ဆာရောဂါအချို့ကို ကာကွယ်ကုသပေးနိုင်မည့် ကင်ဆာလမ်းကြောင်းပိတ်ဆေး မကြာမီ ပေါ်လာတော့မည်" စသည့် သတင်းများကို ဖော်ပြထားသည်။

ထို့ပြင် "ဘတ်ငွေ ဘီလီယံ ၄၀၀ ရင်းနှီးမြှုပ်နှံမည့် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်း ITD ကုမ္ပဏီနှင့် အောက်တိုဘာလကုန်တွင် လက်မှတ်ရေးထိုးမည်"၊ "ဘဏ်လုပ်ငန်း၊ ဗီဇာနှင့် လျှပ်စစ်ဓာတ်အား စီမံကိန်းများ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးပေါင်းဆောင်ရွက်မည်"၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် အဆင့်မြင့်ဟိုတယ် ငှားရမ်းမည်"၊ Ruby Mart (Yangon) ဖွင့်လှစ်လိုက်ပြီ"၊ အရှေ့တောင်အာရှနှင့် အာရှကာယဗလမောင်ပြိုင်ပွဲတွင် မြန်မာကာယဗလမောင် သုံးဦး ရွှေ၊ ငွေဆုတံဆိပ်များ ရရှိ၊ ရွေးကောက်ပွဲအပြီး ပေါ်ထွက်လာမည့် ဈေးကွက်ကိုမျှော်၍ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုကြ၊ ကောက်ပဲသီးနှံ လက်ရောက်အပေါင်ထား၍ ဘဏ်မှငွေချေးလျှင် ကုန်ပစ္စည်းများကို အာမခံထားရန်လို၊ ကြို့ပင်ကောက်ဈေး မီးလောင်မှုမှ ဆိုင်ခန်း ရှစ်ခန်းအတွက် မီးအာမခံလျော်ကြေးပေးမည်၊ သရုပ်ဆောင်မင်းသမီးများပြောတဲ့ အလှအပနဲ့ ဖက်ရှင်ဆိုတာ စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၀ ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာကျောက်ချောလမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယမန်နေ့ညနေပိုင်းတွင် တောင်ငူမြို့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၂ ရက်တွင် တောင်ငူမြို့နယ် ခရိုင်အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး တတိယနေရာလုပွဲကို အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

၁၉၇၂-၁၉၈၀ ခုနှစ် ဆေးတက္ကသိုလ် (၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် Panda Restaurant ၌ ကျင်းပခဲ့ပြီးဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မိမိတို့၏ ကိုယ်ရေးအချက်အလက်များနှင့် အလှူငွေများကို ဒေါက်တာသစ်လွင် ဖုန်း-၀၉-၅၅၀၀၃၆၇၊ ဒေါက်တာနိုင်ဝင်း ဖုန်း-၀၉-၅၁၂၇၄၇၇ နှင့် ဒေါက်တာခင်သီရိ ဖုန်း-၀၉-၅၁၂၂၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၀-၂၀၁၀ (တနင်္လာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဉာဏ်စဉ်သုံးပါး" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၇)**
- ၈း၄၀ Phyu Phyu Kayw Thein Solo Concert(Part-1)
- ၉း၂၅ ဝါဆိုမိုးနှင့် ယှဉ်ကာနွဲ့. . . မြတ်သောဒါနပွဲ
- ၉း၃၅ နာမည်ဆိုးနှင့် ကျော်ကြားသော. . . (ပထမပိုင်း)
- ၉း၅၅ နွေးထွေးပျူငှာ ကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTER . . မှ
- ၁၀း၀၅ လမ်းကလေးပေါ်မှာ စည်းချက်ညီညီ မောင်းကြစို့
- ၁၀း၃၀ The Champion of Dance
- ၁၁း၀၀ Celebrity Choice(Bambino)
- ၁၀း၂၅ LIFE STYLE OF YADANARBON F.C
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၁)
- ၁၂း၀၅ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ (အပိုင်း-၁) [ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် [အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၄/၂၀၁၀)ညစာစားပွဲ အခမ်းအနား]
- ၁း၀၀ "ဉာဏ်စဉ်သုံးပါး" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝသူတို့ဟာသ (ဦးစိန်ပန်း)
- ၂း၅၀ စာအုပ်ပြခန်း (သားသားမီးမီးတို့ဖြစ်တတ်သော ရောဂါများစာအုပ်ရေးသားသူ ဒေါက်တာခင်မျိုးဟန်နှင့် တွေ့ဆုံမေးမြန်းခြင်း)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၀)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၇)**
- ၄း၄၀ နွေးထွေးပျူငှာ ကရုဏာနှင့် ထိရောက်စွာကုသ RIGHT ONCO CARE CENTER . . မှ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၁)**
- ၇း၂၀ Phyu Phyu Kayw Thein Solo Concert(Part-II)
- ၈း၀၀ MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈း၃၀ စကားနပန်း (လိမ်တတ်တာကောင်းတယ်၊ မလိမ်တတ်တာ ကောင်းတယ်)
- ၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈)**
- ၁၀း၁၀ ဗီဒီယိုပြခန်း
- ၁၀း၂၅ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
- ၁၁း၀၀ LIFE STYLE OF YADANARBON F.C
- ၁၁း၁၅ International Show Biz
- ၁၁း၃၀ FMF Selection
- ၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် [အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၄/၂၀၁၀)ညစာစားပွဲ အခမ်းအနား]
- ၁၂း၁၀ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ (အပိုင်း-၁) [ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၂း၄၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်အောင်မိုး)
- ၁း၁၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (ဧရာဝတီတိုင်းဒေသကြီး ဥတိုချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း)
- ၁း၂၅ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ မီလီယံတန်သော ကလေးများ)
- ၁း၅၀ Shooting Location (ခင်ယုမေအိမ်)
- ၂း၁၀ RO ဆိုတဲ့ KTM
- ၂း၃၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာ့ရိုးရာအနုပညာ (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်အကြောင်း သိကောင်းစရာများ)
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
- ၄း၀၅ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၄း၁၅ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
- ၄း၂၅ မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
- ၄း၄၀ ဝါဆိုမိုးနှင့် ယှဉ်ကာနွဲ့. . . မြတ်သောဒါနပွဲ
- ၄း၅၀ လောကအလင်းရောင် ဝိပဿနာ ဉာဏ်တန်ဆောင်
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

● **ထိုင်းနိုင်ငံမှ**

ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝသည် ၁၉၉၂ ခုနှစ်မှ စတင်၍ ဒီမိုကရက်ပါတီ၏ လွှတ်တော် အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၉၉ ခုနှစ်တွင် ဒီမိုကရက်ပါတီ၏ ဒုတိယအကြီးအကဲ အဖြစ်လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ယခုအထိ ဒီမိုကရက်ပါတီ၏ အကြီးအကဲအဖြစ် လည်းကောင်း ရွေးချယ်ခံခဲ့ရသည်။ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ အောက်လွှတ်တော်၏ အတိုက်အခံ ပါတီခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝသည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကာ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦး ထွန်းကားခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ပြည်ညောင်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ရိုးမအရှေ့နှင့် အနောက်ဖြတ် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနား ကျင်းပ ဒေသအသီးသီးမှ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်

နေပြည်တော်　　အောက်တိုဘာ　　၁၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်တို့ကို ဆက်သွယ် ဖောက်လုပ်ထားသည့် အရှည် ၉၁ မိုင် လေးဖာလုံရှိ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါလမ်း မိုင်တိုင်အမှတ်(၆၂/၄)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးကြီးထွန်းထွန်းနောင်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူအင်အား ၃၀၀၀ ကျော်ခန့် တက်ရောက်ကြသည်။**

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်ပေးသည့်နေရာတွင် ပဓာန အကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ပီပီပြင်ပြင် ပေါ်ပေါက်လာအောင် အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စုစည်းညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် ထာဝရ တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များကို အခြေခံပြီး နိုင်ငံတော်၏ အနာဂတ် တည်ငြိမ်ခိုင်မာလာအောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုအခါ၌ အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်သည့်နေရာတွင် ဘက်စုံထောင့်စုံက အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး စီမံကိန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ဖော်ဆောင်ပေးနေခြင်း ဖြစ်ကြောင်း။

## အဓိကကျ

နိုင်ငံတော်အစိုးရသည် အခြေခံ တိုးတက်မှုကို ဖန်တီးနိုင်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် တစ်ပိုင်းက ဆောင်ရွက်ပေးရင်း တစ်ပိုင်းကလည်း လူမှုရေးများအပြင် စီးပွားရေးပါ တိုးတက်လာအောင် စိုက်ပျိုးရေးအတွက် ရေ၊ မြေ၊ သယံဇာတများကို ဖိဖိစီးစီးဖော်ထုတ်ခြင်း၊ ဆည်မြောင်းတာတမံ တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်လာရန် အခြေခံအားဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အဓိကကျကြောင်း၊ သို့မှသာ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးကို လျင်မြန်ချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအချင်းချင်း သွားလာဆက်သွယ်မှုများ များလာလျှင် အပြန်အလှန် ရင်းနှီးချစ်ခင်စိတ်များ ပေါ်ပေါက်လာပြီး ရိုင်းပင်းကူညီလိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်များ ပွားများတိုးတက်လာခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက်လည်း များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "မိမိတို့ နိုင်ငံတော်ရှိ ဒေသအားလုံးဟာ ယေဘုယျအားဖြင့် အခြေခံအချက်များ တူညီကြသော်လည်း ဝိသေသအားဖြင့် တစ်နေရာနဲ့ တစ်နေရာမတူညီတဲ့ ထူးခြားတဲ့ အခြေအနေများရှိကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုကြား ဆူကြဲနိမ့်မြင့် ကွာဟချက်များ လျော့နည်းကျဆင်းပြီး ဒေသအားလုံးတတ်နိုင်သမျှ မျှမျှတတ တစ်ပြေးညီ ဖွံ့ဖြိုးလာဖို့ဆိုရင် နယ်မြေအလိုက်ဖြစ်ပေါ်တည်ရှိနေတဲ့ ထူးခြားတဲ့ သဘာဝအခြေခံများကို မှန်မှန်ကန်ကန် ဖော်ထုတ်အသုံးပြုနိုင်ရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ရေမြေသဘာဝ သယံဇာတများရဲ့ အခွင့်အလမ်းပေးမှုများကို လူ့လုပ်အားနဲ့ မှန်မှန်ကန်ကန် ထိထိရောက်ရောက် ပေါင်းစပ်ပြီး အသုံးချနိုင်မှသာ တိုးတက်ဖွံ့ဖြိုးမှု ရရှိလာမှာဖြစ်ကြောင်း၊ ဒီလို ဆောင်ရွက်နိုင်ဖို့ဆိုရင် အဓိကအခြေခံ အဆောက်အအုံနဲ့ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ဖို့လိုကြောင်း၊ ဒါကြောင့်လည်း ဘယ်တုန်းကမှ ဘယ်သူကမှ စဉ်းစားမျှော်လင့်မထားတဲ့ တောတောင်နဲ့ ချောင်းမြောင်းထူထပ်တဲ့ ဒေသတွေမှာ လမ်းဖောက်ဖို့ စဉ်းစားဆောင်ရွက်ခဲ့တာဖြစ်ကြောင်း" လမ်းညွှန် မိန့်ကြားခဲ့ကြောင်း။

## ဖောက်လုပ်နိုင်

ယနေ့ဖွင့်လှစ်သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင်မှ အစပြုကာ မိုင်တိုင် (၀/၀) မှ (၂၅/၄) မိုင်အထိဖြစ်ပြီး ဆက်လက်၍ မကွေးတိုင်းဒေသကြီး မကွေးခရိုင်အတွင်းတွင် မိုင်တိုင်(၂၅/ ၄)မှ (၉၁/၄) မိုင်အထိ စုစုပေါင်း ၉၁ မိုင် လေးဖာလုံအရှည်ရှိသည့် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းတစ်လမ်းလုံး အနေဖြင့် ကတ္တရာလမ်း ၁၈ ပေအကျယ်၊ ရှစ် မိုင် လေးဖာလုံနှင့် ၁၂ ပေအကျယ်၊ ၈၃ မိုင်ရှိသည့် လမ်းဖြစ်ကြောင်း၊ ဤလမ်းကို ယခင်က ၁၉၉၁-၉၂ တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အကြီးအကဲက ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းကို လမ်းလုံခြုံချောမွေ့စွာ အချိန်တိုအတွင်း သွားလာနိုင်ရေး ဆောင်ရွက်ရန် လမ်းညွှန်မိန့်ကြားခဲ့သည့်အတွက် ၁၅-၅-၂၀၁၀ ရက်မှစ၍ မူလရှိပြီးသား ကတ္တရာလမ်းပျက်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ခရိုင်အဖွဲ့ ငါးဖွဲ့၊ လမ်းအထူးအဖွဲ့ နှစ်ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ နှစ်ဖွဲ့၊ တံတားအထူးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း အဖွဲ့ ၁၀ ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ ယနေ့ ၁၀-၁၀-၂၀၁၀ ရက်မှာ ဤလမ်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ဤလမ်းသည် ယခင်က မြေလမ်းတာပေါင် ၂၄ ပေခန့်ရှိရာမှ ယခု ၃၄ ပေအကျယ်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က ဤလမ်းကို မော်တော်ကားဖြင့် အချိန် ၅ နာရီခန့်ကြာအောင် သွားလာရပြီး ယခုဆိုလျှင် အချိန် ၂ နာရီခွဲနှင့် အချိန် မကုန်ဘဲ လမ်းအစအဆုံးကို သွားလာနိုင်ပြီဖြစ်ကြောင်း။

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လမ်းများအနက် လမ်းအချို့ကို ပြောပြရမည်ဆိုပါလျှင်-

(၁) ပုသိမ်-မုံရွာလမ်းမကြီး အရှည် မိုင် ၄၅၀ ငါးဖာလုံ၊
(၂) တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀ မိုင်ကုန်းအပိုင်း) မိုင်အရှည် ၄၂ မိုင် ခုနစ်ဖာလုံ၊
(၃) မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်မိုင်အရှည် ၈၆ မိုင် ခြောက်ဖာလုံ၊
(၄) ကိုးပင်-သာဂရလမ်း မိုင်အရှည် ၉၆ မိုင် သုံးဖာလုံ၊
(၅) မကွေး - ကန်ပြား - မြို့သစ်-တောင်ညို - နေပြည်တော်လမ်း မိုင်အရှည် မိုင် ၈၀ လေးဖာလုံ၊
(၆) ပြင်ဦးလွင်-မိုးကုတ်လမ်း မိုင်အရှည် ၉၇ မိုင် ခုနစ်ဖာလုံ၊
(၇) ကသာ-စင်းခန်းလမ်း မိုင်အရှည် ၆၅ မိုင်၊
(၈) မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်အရှည် ၂၁၈ မိုင်၊
(၉) သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း မိုင်အရှည် မိုင် ၃၃၀၊
(၁၀) ပျဉ်းမနား - ပင်လောင်းလမ်း မိုင်အရှည် မိုင် ၇၀ နှစ်ဖာလုံ၊
(၁၁) ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း မိုင်အရှည် ၂၂ မိုင် ခြောက်ဖာလုံ၊
(၁၂) မြေပုံ-မင်းပြားလမ်း မိုင်အရှည် ၂၄ မိုင် ခုနစ်ဖာလုံ၊
(၁၃) မြေပုံ-ကံသာ-ကြာအင်းတောင်လမ်း မိုင်အရှည် ၁၂ မိုင် ငါးဖာလုံ၊
(၁၄) ပေါက်တော-မင်းပြားလမ်း မိုင်အရှည် မိုင် ၂၀ ခြောက်ဖာလုံ၊
(၁၅) ကျောက်တော်-ပလက်ဝလမ်း မိုင်အရှည် ၃၃ မိုင် ငါးဖာလုံ၊
(၁၆) ရန်ကုန်-စစ်တွေလမ်း(အမ်း-စစ်တွေအပိုင်း) ၁၉၉ မိုင် သုံးဖာလုံနှင့်
(၁၇) မင်းဘူး-အမ်း-တပ်တောင်လမ်း (မင်းဘူး-အမ်းအပိုင်း) ၉၇ မိုင် နှစ်ဖာလုံ

တို့ ဖြစ်ကြကြောင်း။

ယင်းလမ်း (၁၇)လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးအဖွဲ့များနှင့် လမ်းတံတားလုပ်ငန်း လက်တွေ့လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီ ၉၃ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း တံတားများ တည်ဆောက်လျက်ရှိရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ ၁၈၀ အောက် တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး ၂၄၅ စင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတား ၃၅ စင်း တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခု ဧရာဝတီမြစ်ကူး တံတားကြီးငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပူးတွဲ တံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီးတစ်စင်း တည်ဆောက်နေပါကြောင်း။ ယင်းတံတားများမှာ-

(၁) ၁၁၄၃၁ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(ပခုက္ကူ)
(၂) ၇၄၀၂ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)
(၃) ၃၂၁၅ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(မလွန်)
(၄) ၅၅၀၁ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(စင်းခန်း)
(၅) ပေ ၂၄၈၀ အရှည်ရှိသည့် (ရတနာသိင်္ဃ) တံတားတို့ပင်

ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်သည့်လမ်းကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီနှင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ယင်း

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့် ကလောတပ်နယ်နှင့် တီကျစ် နယ်မြေခံတပ်ရင်း မိသားစုများအားတွေ့ဆုံပြီး ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ(တီကျစ်)ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွင့်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့်အတူ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တပ်နယ်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားကာ ချီးမြှင့်ပစ္စည်းများ ပေးအပ်သည်။**

ထို့နောက် ကလောတပ်နယ် တီကျစ်နယ်မြေခံတပ်ရင်းတွင် တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားကာ ချီးမြှင့်ပစ္စည်းများ ပေးအပ်ပြီး တပ်တွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်အောင်သန်းထွင့်နှင့် အဖွဲ့ဝင်များသည် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ(တီကျစ်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်အောင်သန်းထွင့်က လိုအပ်သည်များ မှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တီကျစ်တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ဒေသခံလူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ အားပေးစကားပြောကြားကာ တာဝန်ရှိသူများထံ ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

## မှာကြား

ဆက်လက်၍ နန့်ပန်တက်-ကလောတောင်ကြီးလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်(ဝက်ဖြူရေ) သို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အောင်သန်းထွင့်က လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ညောင်တံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




(မင်းဘူး-အမ်းအပိုင်း) ၉၇ မိုင်နှစ်ဖာလုံ တို့ ဖြစ်ကြကြောင်း။

ယင်းလမ်း (၁၇)လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးအဖွဲ့များနှင့် လမ်းတံတားလုပ်ငန်းလက်တွေ့လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီ ၉၃ ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း တံတားများ တည်ဆောက်လျက်ရှိရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ ၁၈၀ အောက် တံတားပေါင်း ၂၉၁၅ စင်းနှင့် ပေ ၁၈၀ အထက် တံတားကြီး ၂၄၅ စင်း တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ အထက် တံတား ၃၅ စင်း တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခု ဧရာဝတီမြစ်ကူး တံတားကြီးငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းပူးတွဲ တံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီးတစ်စင်း တည်ဆောက်နေပါကြောင်း။ ယင်းတံတားများမှာ-

(၁) ၁၁၄၃၁ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(ပခုက္ကူ)
(၂) ၇၄၀၂ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(ညောင်တုန်း)
(၃) ၃၂၁၅ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(မလွန်)
(၄) ၅၅၀၁ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(စင်းခန်း)
(၅) ပေ ၂၄၈၀ အရှည်ရှိသည့် (ရတနာသိယ်) တံတားတို့ပင် ဖြစ်ကြောင်း။

ယနေ့ ဖွင့်လှစ်သည့်လမ်းကြီးကို ယခုကဲ့သို့ အဆင့်အတန်းမီမီနှင့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ယင်းလမ်းကြီးကို လက်ရှိအဆင့်အတန်းထက် နိမ့်ကျမသွားအောင်၊ ရေရှည် အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းကြရန် အရေးကြီးကြောင်း၊ လမ်းဆိုလျှင်လည်း လမ်းအလိုက်၊ တံတားဆိုလျှင်လည်း တံတားအလိုက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စနစ်တကျ အသုံးပြုသွားရန် လိုအပ်ကြောင်း၊ ထို့အပြင် ဤလမ်းကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း အကျိုးပြုမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်းတွင်ရှိသော ပြည်သူ့အကျိုးပြု ဒေသအကျိုးပြု ဤလမ်းကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် လမ်းပန်းဆက်သွယ်ရေးသည် စွမ်းအားတစ်ခုဖြစ်ပြီး စီးပွားရေးတွင် အဓိကအခြေခံအဆောက်အအုံတစ်ခုဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှသာ လူမှုစီးပွားရေး မြင့်မားလာမည်ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာအောင် အထူးအလေးပေး ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကိုခံယူပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များ ချမှတ်ကာ မိမိတို့ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ် စီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများပါ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

## တည်ဆောက်ပေး

မကွေးတိုင်းဒေသကြီးအတွင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်ဆင့် တိုးတက်ဖောက်လုပ်ပေးခဲ့သည့်လမ်းများရှိသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသည့် ချောင်းများတွင် ပေ ၁၈၀ နှင့်အထက် တံတားကြီးများ တည်ဆောက်ပေးခဲ့ကြောင်း။

ထို့အပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသော ရိုးမအရှေ့နှင့် အနောက် ဖြတ်လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းတွင် ဆောင်ရွက်နေသည့် ရိုးမအရှေ့နှင့် အနောက် ဖြတ်လမ်း လေးလမ်းတို့မှာ နေပြည်တော်- တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း၊ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်း၊ ကိုးပင်-သာဂရလမ်းနှင့် ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းတို့ ဖြစ်ကြောင်း၊ ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း ဖောက်လုပ်ပြီးဖြစ်သည့် ပုသိမ်-မုံရွာလမ်းမကြီးကိုလည်း ကတ္တရာလမ်းအဆင့်အဖြစ် တိုးမြှင့်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မင်းဘူးမြို့မှ တစ်ဆင့် ရခိုင်ပြည်နယ်သို့ သွားလာဆက်သွယ်သည့် မင်းဘူး-အမ်း-စစ်တွေ လမ်းပိုင်းကိုလည်း အလားတူ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဆက်တည်းမှာပင် ဧရာဝတီမြစ်ကူးတံတားကြီးနှစ်စင်း မကွေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ပေးလျက်ရှိနေကြောင်း၊ ယင်းတံတားကြီးများမှာ ၁၁၄၃၁ ပေ အရှည်ရှိသည့် ဧရာဝတီတံတား (ပခုက္ကူ) နှင့် ၃၂၁၅ ပေ အရှည်ရှိသည့် ဧရာဝတီတံတား(မလွန်) တို့ဖြစ်ကြောင်း။

## မျှမျှတတ

ယခုကဲ့သို့ နိုင်ငံတော်က လမ်းတံတားများကို အရင်းအနှီးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်နေခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာပြီး နယ်မြေအစိတ်အပိုင်းဒေသအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖြစ်ထွန်းတိုးတက်လာစေရန် ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် စုစုပေါင်းအရှည် ၉၁ မိုင် လေးဖာလုံရှိပြီး အလယ်ရိုးမကို ဖြတ်ဖောက်လုပ်ထားသည့် အရှေ့အနောက် ရိုးမဖြတ်လမ်းကြီးတစ်ခု ဖြစ်ကြောင်း။

ဒုတိယကမ္ဘာစစ်မတိုင်မီက ရေဝေကုန်းရိုးအတိုင်း အရှေ့အနောက် ဖောက်လုပ်ထားကြောင်း၊ ဤလမ်းကို ၁၉၅၉ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း အခြေခံလွှာ ကျောက်ကြီးလမ်းအဖြစ်သာ ဆောင်ရွက်ထားနိုင်ခဲ့ကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေ ခွဲဝေခွင့်ပြုခဲ့ပြီး ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်ထိ အဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ၁၂ ပေအကျယ် ကတ္တရာလမ်း ဖြစ်လာခဲ့ကြောင်း၊ ကတ္တရာလမ်းသက်တမ်းကြာလာသည်နှင့်အမျှ ရာသီဥတုဒဏ်၊ မောင်းနှင်သွားလာနေသည့် ယာဉ်များ၏ ဘီးယက်အားများကြောင့် လမ်းပေါက်ကြီးများ၊ လမ်းသားနိမ့်ကျွံပျက်စီးလာခြင်းများ ဖြစ်လာရာ ယခုကဲ့သို့ ကတ္တရာလမ်းကို တိုးတက်ပြုပြင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ဤလမ်းကို လက်ရှိ အဆင့်အတန်းထက် နိမ့်ကျမသွားစေရန် ရေရှည်ကောင်းမွန်စေရေး ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း။

ယနေ့ ရရှိထားသည့် ရလဒ်ကောင်းများကို အခြေခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်ဖော်ဆောင်သွားကြပါ၊ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့သည့် ယင်းလမ်းကြီးကို စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေနှင့် အညီ လိုက်နာကျင့်သုံးသွားကြပါဟု ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူတို့က ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားကတ္တရာလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားကတ္တရာလမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မကွေးတိုင်းဒေသကြီးဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်သည့် ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ အစပြုကာ မကွေးတိုင်း မကွေးခရိုင် နတ်မောက်မြို့နယ်အထိ စုစုပေါင်း (၉၁ / ၄) မိုင် အရှည်ရှိသည့် ကတ္တရာလမ်းဖြစ်ပြီး လမ်းအကျယ်မှာ ၁၈ ပေရှိသည်။ ပျော်ဘွယ် - ရွာမွန် - နတ်မောက် - ကန်ပြားလမ်း ဖွင့်လှစ်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအသီးသီးမှ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

# STI Diploma အောင်မြင်ပြီးသူများ SIMM မှ ပညာသင်ကင်းလွတ်ခွင့်နှင့် ဆုကြေးငွေချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၀**

STI Education သည် Diploma in Logistics Management (DLM), Diploma in Supply Chain Management (DSCM), Double Diploma in Logistics & Supply Chain Management, Advanced Diploma in Logistics & Supply Chain Management, Executive Diploma in Logistics & Supply Chain Management တို့ကို၂၀၀၇ ခုနှစ် နှစ်ဦးကပင် စတင်သင်ကြားပေးခဲ့သည်။ စင်ကာပူနိုင်ငံရှိ Logistics ဘာသာရပ်ကို ဖြန့်ဖြူးပေးနေသော အကြီးဆုံး Institute ဖြစ်သည့် Singapore Institute of Materials Management (SIMM) နှင့် ပူးပေါင်း၍ ပြည်တွင်းတွင် လည်းကောင်း၊ ပြည်ပတွင် လည်းကောင်း သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

## ချီးမြှင့်မည်

STI မှ Diploma အောင်မြင်ပြီးသူများအနေဖြင့် SIMM ၏ ဒုတိယနှစ်သို့ လည်းကောင်း၊ STI မှ Advanced Diploma အောင်မြင်ပြီးသူများမှာ SIMM ၏ နောက်ဆုံးနှစ်သို့ လည်းကောင်း တိုက်ရိုက်တက်ရောက်နိုင်ပြီး ဩစတြေးလျနိုင်ငံ Curtin တက္ကသိုလ်၏ B.Com ဘွဲ့ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ SIMM နှင့် STI ပူးပေါင်း၍ အဆိုပါကျောင်းသားများအား ပညာသင်ဆုချီးမြှင့်မှုတစ်ရပ်အဖြစ် စင်ကာပူဒေါ်လာ ၃၀၀၀ ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းအပြင် STI မှ Diploma ရရှိပြီး ဘွဲ့တစ်ခုခုရရှိပြီးသူများအနေဖြင့် SIMM ၏ Graduate Diploma in Logistics Management သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီ ဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသားများအား ပညာသင်ဆုချီးမြှင့်မှု ဒေါ်လာ ၃၀၀၀ ကိုပါ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူများသည် STI Education အဆောင်(၄) အခန်း(၇) Myanmar Info - Tech, Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း၊ အမှတ်(၃၇၇) ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈ နှင့် ၅၀၇၁၅၁ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးလျှောက်ထားနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**စက်တင်ဘာ ၂၀ ရက်က ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရေသိုးညောင်ပိုင်းကျေးရွာ ဦးလှမြင့်၏ လယ်ယာတွင် အိမ်မဲရော ဆန်စပါးအထူးပြုကုမ္ပဏီမှ တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ တောင်သူများမြေသြဇာ ကြဲပက်ရာ အိမ်မဲမြို့ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး မြို့နယ် မန်နေဂျာနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ အိမ်မဲရော ကုမ္ပဏီမှ ဒါရိုက်တာများ ကြည့်ရှုအားပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

# ဝန်ကြီး သူရဦးအေးမြင့် ကလေးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီတွင် ကလေးမြို့နယ် ခရိုင်အားကစားကွင်း၌ ကျင်းပသော ၂၀၁၀ ခုနှစ် ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ကြည့်ရှု၍ ဆုများကို ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် ထိုမာကျေးရွာအုပ်စုအသင်းနှင့် စန်းမြို့ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုမာကျေးရွာအုပ်စုအသင်းက လေးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အသန့်ရှင်းဆုံး အသင်းဆု၊ နေရာအလိုက် အကောင်းဆုံးဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသော အသင်းများအား အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဝန်ကြီးက ပထမဆုရ ထိုမာကျေးရွာအုပ်စုအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုလေးသိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ၂၀၁၀ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသော မောင်အောင်ထွဋ်မှ (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် မဆွေဆွေဟန် (အားကစားဝန်ကြီးဌာန)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် လေးကြိမ် ဗိုလ်စွဲခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် လေးနှစ်ဆက်တိုက် ဗိုလ်စွဲခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမရ ဗိုလ်စွဲသွားကြသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဆုများနှင့်အတူ တွေ့ရစဉ်။**

(ဘဏ္ဍာ/အခွန်)

# ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲနှင့် စစ်တွေခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြနှင့် အတွင်းရေးမှူး ဦးကျော်မြင့်တို့သည် စက်တင်ဘာ ၃၀ ရက်တွင် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ စစ်တွေခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများ၊ အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးက ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းနှင့် သရုပ်ပြပွဲ ပန်းတောင်း၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းနှင့် မဲပေးပုံသရုပ်ပြပွဲကို အောက်တိုဘာ ၉ရက် နံနက် ၈ နာရီတွင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွဋ်က အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းထွန်းအောင်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးလေးလွင်တို့က မဲရုံ၌ မဲပေးပုံ အဆင့်ဆင့်၊ စာရင်းဇယားပုံစံများပြုစုပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ ဆောင်ရွက်ပုံ အဆင့်ဆင့်ကို သရုပ်ပြရှင်းလင်းသည်။

အဆိုပါအခမ်းအနားသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၅၅ ဦးတက်ရောက်ကြကြောင်းနှင့် အောက်တိုဘာ ၁၀ ရက်တွင်လည်း ဥသျှစ်ပင်ကျေးရွာ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြေစာရင်း ဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း အမှတ်စဉ် (၂/၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ရှိ ဗဟို မြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးဦးသန်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# မိုးစပါးစံကွက်ရိတ်သိမ်း

**မောင်တော အောက်တိုဘာ ၁၀**

မောင်တောခရိုင်၌ မိုးစပါး (ကောက်စောစပါး) စံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂၉ ရက်တွင် မြို့သူကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၉/၁) ဦးပိုင်အမှတ်(၂၅၆) ဧရိယာ ၃ ဒသမ ၂၂ ဧကရှိ တောင်သူ ဦးမောင်နီ၏ လယ်မြေ၌ ကျင်းပရာ မောင်တောခရိုင် ဥက္ကဋ္ဌ ဦးထွန်းနိုင်လင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စိုက်/ တိုး/မြှင့်အဖွဲ့ဝင်များ၊ မောင်တောမြို့နယ် မြေစာရင်းဌာနဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။ သုခရင်စပါး(သင့်)အဆင့်အတန်း ကိုယ်စားပြု စံကွက်အား ရိတ်သိမ်းရာ တစ်ဧကလျှင် ၇၆ ဒသမ ၇၀ တင်းထွက်ရှိပြီး အခြောက်ထွက် ၇၂ ဒသမ၂၈ တင်း ထွက်ရှိကြောင်း သိရှိရသည်။ (မြေစာရင်းဦးစီး)

**အေးရိပ်မွန် (၄)လမ်း လှိုင်မြို့နယ်နေ အသင်းနာယက ဒေါက်တာဒေါ်ခင်သိန်း ပါမောက္ခ(ငြိမ်း) မိသားစုက တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) ၏ အသင်းတိုက် ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# အထူးအယူခံခုံရုံး နေပြည်တော်၌ ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားရုံးချုပ် (မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး)မှ တရားရုံးချုပ်တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးကျော်ဝင်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် အောက်တိုဘာ ၈ ရက် နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီပညာရေး ဝန်ထမ်းများ သမဝါယမအသင်းလီမိတက် အစည်းအဝေးကို အထက(၁) သီရိရတနာခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ မြို့နယ် ပညာရေးမှူး(ငြိမ်း) ဦးဟန်မြင့် အမြတ်ငွေ ၂၆၄၃၉၃၆ ကျပ်ကို အသင်းသားများအား ခွဲဝေပေးအပ်ရာ အသင်းသားများကိုယ်စား ဆရာမတစ်ဦး လက်ခံယူစဉ်။** (၆၄)

# AUNG SU PAING GROUP CO., LTD. ၏ ဒီဇယ်သိုလှောင်ကန်များနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

AUNG SU PAING GROUP CO., LTD. ၏ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်းကို ကမ္ဘာ့ရေနံဈေးကွက်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအတွက် နိုင်ငံတကာစံချိန်မီ ဆီဂါလန်နှစ်သန်းကျော်ဆံ့ ဒီဇယ်သိုလှောင်ကန်များနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ကျင်းပရာ ရှေးဦးစွာ AUNG SU PAING GROUP CO., LTD. ဥက္ကဋ္ဌ ဦးမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတကာ စံချိန်မီ ဒီဇယ်သိုလှောင်ကန်များနှင့် ဆက်စပ်ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် BEIJING SANKI PETROLEUM TECHNOLOGY CO., LTD. မှ MS. EMMA SHI က Sanki Fuel Dispenser များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆီသိုလှောင်ကန်များကို နိုင်ငံတကာ စံချိန်မီတည်ဆောက်မှသာလျှင် ဆီတင်သင်္ဘောများကမ်းကပ်ခြင်း၊ နိုင်ငံတကာ အာမခံကုမ္ပဏီကြီးများတွင် အာမခံထားရှိခြင်းတို့ ရရှိမည်ဖြစ်သည့်အပြင် အသုံးပြုထားသည့်စနစ်သည် ကွန်ပျူတာကို အခြေခံခြင်းကြောင့် ဆီဖြန့်ဖြူးရောင်းချသည့်အခါ ထုတ်ယူရောင်းချလိုသည့် ပမာဏအတိအကျ ထုတ်ပေးနိုင်ခြင်း၊ မလိုလားအပ်သည့်ပြဿနာများ ကင်းရှင်းပြီး ရေရှည်တည်တံ့မှု၊ လုံခြုံစိတ်ချရမှုနှင့် အာမခံအပြည့်အဝ ထားရှိနိုင်မှုစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ဆီလုပ်ငန်းရှင်များအတွက် ISO လက်မှတ်ရ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တင်ပို့ရောင်းချပေးလျက်ရှိသည့် BEIJING SANKI PETROLEUM TECHNOLOGY CO., LTD. မှ ထုတ်လုပ်သည့် Sanki Fuel Dispenser စက်များနှင့် Optional တပ်ဆင်နိုင်သောပစ္စည်းများကို AUNG SU PAING GROUP CO.,LTD. က မြန်မာတစ်ပြည်လုံးအတွက် Sole Distributor အဖြစ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်ပါက Technical Support များကိုလည်းပေးမည်ဖြစ်ကြောင်းနှင့် စက်ပစ္စည်းများတပ်ဆင်ပေးပြီး တစ်နှစ်အတွင်း ခြောက်လတစ်ကြိမ် လာရောက် စစ်ဆေးပေးမည်ဖြစ်သည်။ After Sale Service ပေးမည့် ကျွမ်းကျင်သော အင်ဂျင်နီယာများဖြင့် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးမည် ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက AUNG SU PAING GROUP CO., LTD. အမှတ်(၂၂) ဒုတိယထပ် ရွှေပုန်းညက်ရိပ်မွန် ဘုရင့်နောင်လမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၀၅၆၆၅နှင့် ၇၂၇၃၆၇၊ ဖက်စ်-၉၅-၁၅၃ ၀၈၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာသတင်းများ

# အီရန်နျူပညာရှင်တစ်ဦး ပြန်ပေးဆွဲခံနေရ

**တီဟီရန် အောက်တိုဘာ ၁၀**

ဆွန်နီစစ်သွေးကြွအုပ်စုတစ်စုက အီရန်နိုင်ငံ နျူကလီးယားစက်ရုံတစ်ရုံမှ ပညာရှင်တစ်ဦးကို ပြန်ပေးဆွဲထားပြီး တီဟီရန်အစိုးရက ဖမ်းဆီးထားသော ၎င်းတို့အဖွဲ့ဝင်များကို ပြန်လွှတ်ပေးရန် သို့မဟုတ်ပါက ယင်းပညာရှင်ထံမှ ရရှိထားသည့် လျှို့ဝှက်ချက်များကို ထုတ်ပြန်ကြေညာလိုက်မည်ဟု တနင်္ဂနွေနေ့တွင် ခြိမ်းခြောက်လိုက်သည်။

အီရန်နိုင်ငံအလယ်ပိုင်း အစ္စဖာဟန်ပြည်နယ်ရှိ နျူကလီးယားစက်ရုံမှ ဝန်ထမ်းတစ်ဦးဖြစ်သည့် အာမိယာဟိုစိန်ရှီရာနီကို ဓားစာခံအဖြစ် ဖမ်းထားကြောင်း ဂျန်ဒူလာချ်အဖွဲ့က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မစ္စတာရှီရာနီသည် အရေးပါသော သတင်းများကို သိရှိကြောင်း၊ အထူးသဖြင့် အီရန်နျူကလီးယား သိပ္ပံပညာရှင်များ၏ အကြောင်းများဖြစ်ကြောင်း၊ ၎င်း၏ ဖွင့်ဟဝန်ခံချက်များကို ထုတ်ပြန်ကြေညာခဲ့လျှင် အီရန်အစိုးရ တန်ဖိုးထားသော လျှို့ဝှက်ချက်များ လူသိရှင်ကြားဖြစ်သွားမည် ဖြစ်ကြောင်း ၎င်းတို့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သို့သော် မစ္စတာရှီရာနီကို မည့်သည့်အချိန်က ဖမ်းဆီးထားကြောင်းကိုမူ ပြောကြားခြင်း မပြုပေ။

ဖမ်းဆီးခြင်းခံနေရသည့် ဆွန်နီနှင့် ဘာလတ်ချ်နိုင်ငံရေး အကျဉ်းသား ၂၀၀ ကျော်နှင့် ထောင်ကျနေသော ၎င်းတို့၏ အဖွဲ့ဝင်များကို ပြန်လွှတ်ပေးရန် အစိုးရကို ဂျန်ဒူလာချ်အဖွဲ့က တောင်းဆိုထားသည်။

တစ်ပတ်အတွင်း ၎င်းတို့၏တောင်းဆိုချက်ကို မလိုက်လျောလျှင် မစ္စတာအာမိယာဟိုစိန်ရှီရာနီထံမှ ရရှိထားသော သတင်းများကို အများပြည်သူထံသို့ ဖြန့်ချိမည်ဖြစ်ကြောင်း၊ ထိုအခါ အီရန်အစိုးရ၏ လျှို့ဝှက်နျူကလီးယား လုပ်ဆောင်မှုများကို တစ်ကမ္ဘာလုံးသိရှိသွားမည်ဖြစ်ကြောင်း ဂျန်ဒူလာချ်က သတိပေးထားသည်။

**အေအက်ဖ်ပီ။**

# ပါကစ္စတန်၌ နေတိုးတပ်ဖွဲ့ယာဉ်တန်းများအတွက် ထောက်ပံ့ရေးလမ်းကြောင်းပြန်ဖွင့်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၀ -** အာဖဂန်နယ်စပ်လမ်းကြောင်း တော်ကန်ကို နေတိုးတပ်ဖွဲ့ ထောက်ပံ့ရေးယာဉ်တန်း သွားလာရေးအတွက် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန် ရဟတ်ယာဉ်များက နယ်စပ်ဖြတ်ကျော်၍ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရသည့်အတွက် ပါကစ္စတန်မှ အာဖဂန်နစ္စတန်နိုင်ငံသို့ ဖြတ်သန်းသည့် နေတိုးတပ်ဖွဲ့ ထောက်ပံ့ရေးအတွက် အဓိက လမ်းကြောင်းကို ပိတ်ခဲ့ခြင်းဖြစ်သည်။

ယင်းအဓိက လမ်းကြောင်းပိတ်ထားစဉ် အတွင်း အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသောယာဉ်တန်းများအား ပါကစ္စတန်နိုင်ငံအတွင်း ခုနစ်ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့သည်။ ပါကစ္စတန်ကုမ္ပဏီများက အဆိုပါ ယာဉ်တန်းများတွင် ပါကစ္စတန်ထရပ်ကားများနှင့် ယာဉ်မောင်းများကို အသုံးပြုခဲ့ကြသည်။

အောက်တိုဘာ ၁ ရက် ကတည်းက ထောက်ပံ့ရေးယာဉ်များကို တိုက်ခိုက်မှုတွင် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟုဆိုသည်။ **ရိုက်တာ။**

# ဥမင်အတွင်းပိတ်မိနေသော ချီလီမိုင်းလုပ်သားများ ဗုဒ္ဓဟူးနေ့တွင် ကယ်ထုတ်နိုင်ဖွယ်ရှိ

**စန်တီယာဂို အောက်တိုဘာ ၁၀ -** ချီလီနိုင်ငံ၏ မြေအောက်မိုင်းတွင်း၌ ပိတ်မိနေသည့် မိုင်းလုပ်သား ၃၃ ဦးအား ကယ်ထုတ်ရေးလုပ်ငန်းကို ဗုဒ္ဓဟူးနေ့တွင် စတင်နိုင်ဖွယ်ရှိကြောင်း သတ္တုတွင်းဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မိုင်းလုပ်သားများ ခိုအောင်းနေသည့် မြေအောက်လိုဏ်ခေါင်းသို့ ပေါက်ရောက်အောင် အင်ဂျင်နီယာများက တွင်းတူးနိုင်ခဲ့ပြီးနောက် ဝန်ကြီး လောရင့်ဂိုလ်ဘွန်းက ပြောကြားခြင်းဖြစ်သည်။

ပိတ်မိနေသည့် မိုင်းလုပ်သားများကို ကယ်ထုတ်ရာတွင် အသုံးပြုမည့် ဥမင်တွင်း၏ထိပ်ကို ခိုင်ခံ့စေရန်အတွက် စတီးလ်များဖြင့် ဖုံးအုပ်သောလုပ်ငန်းအား စတင်လုပ်ဆောင်လျက်ရှိပြီဖြစ်ရာ တစ်ရက်ခွဲခန့် ကြာမြင့်မည်ဟု ဆိုသည်။

၎င်းမိုင်းလုပ်သားများသည် မြေအောက် ပေ ၂၃၀၀ အနက်ရှိ ဥမင်လိုဏ်အတွင်း၌ ဩဂုတ် ၅ ရက်ကတည်းက ပိတ်မိနေခြင်းဖြစ်သည်။

ကယ်ဆယ်ရေးမြေတွင်းတူးဖော်ခဲ့ရာ စနေနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ ထိုးပြီး မကြာမီ ရည်မှန်းရာ ဥမင်သို့ ရောက်ရှိခဲ့သည်။ **အင်တာနက်။**

# ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၀

**အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက် အားပေးပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။** (အောက်ပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များ၊ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဟော်ကီအားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။ အခမ်းအနားမစတင်မီ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘင်ခရာအဖွဲ့၊ တာမွေ အထက(၄) ဘင်ခရာအဖွဲ့နှင့် အဆိုတော်များက ကွင်းအတွင်း လှည့်လည်၍ ဖျော်ဖြေကြသည်။ အခမ်းအနားဖွင့်ပွဲကို ညနေ ၃ နာရီတွင် ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ထံ ယမန်နှစ် ချန်ပီယံ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို ပြန်လည်အပ်နှံသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် တာဝန်ရှိသူများနှင့် အတူ ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အောက်တိုဘာ ၁၁ ရက် ညနေ ၄ နာရီတွင် ချင်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

▼ **ကျောဖုံးမှ**

ဒေသများ၌ မိုးရွာသွန်းမှုမရှိဘဲ မိုးရေမလိုအပ်သော နေရာဒေသများ၌ မိုးရွာသွန်းခြင်းဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

**ဟောကိန်းထုတ်**

ပိုမိုပြင်းထန်သော မုန်တိုင်းများဖြစ်ပေါ်လာခြင်းနှင့် အတူ ကမ္ဘာ့အပူပိုင်းဒေသများနှင့် အာတိတ်စက်ဝိုင်းဒေသများ၌ မိုးနှင့်ဆီးနှင်းများရွာသွန်းမှု ပိုမိုများပြားလာမည်ဟု ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစိုးရအဖွဲ့ချင်းညှိနှိုင်းရေးအဖွဲ့က ဟောကိန်းထုတ်ထားကြောင်း ပါမောက္ခဖာမီဂလီတီက ပြောကြားသည်။

**အကျိုးဆက်**

ကမ္ဘာ့လေထုလွှာအတွင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ပိုမိုစုဝေးကာ အပူချိန်မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် မုတ်သုံမိုးရွာသွန်းမှုများနှင့် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုများ တိုးတက်ဖြစ်ပေါ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများအထက်တွင် ပို၍ပူပြင်းလာခြင်းဖြင့် ရေချိုးကို ပိုမိုလျင်မြန်စွာ အငွေ့ပျံစေကြောင်း၊ ရလဒ်အားဖြင့် တိမ်များပိုမိုသိပ်သည်းလာပြီး ကုန်းမြေပေါ်တွင် ပိုမိုအင်အားကြီးလာသောမုန်တိုင်းများ ကျရောက်စေကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

***အင်တာနက်။***

**အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်ဆုပေးပွဲတွင် ၂၀၀၆-၂၀၀၇ မှ ၂၀၀၉-၂၀၁၀ ခုနှစ်ထိ လေးနှစ်ဆက်တိုက် တံခွန်စိုက်ဆုရရှိသော မသိမ့်သင်ဇာသန့်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေဦး ဆုချီးမြှင့်စဉ်။** (ပညာရေး)

# မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၁၀

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြောက်ဦးမြို့တွင် ၉ ဒသမ ၄၄ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ရွှေကူမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၃၈လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၂၇ လက်မနှင့် ကျောက်ပန်းတောင်းမြို့တွင် ၁ ဒသမ ၈၆ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၁၁ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

## ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ရေချိုစီးဆင်းဝင်ရောက်မှု ပိုမိုများပြားလာ

အဏ္ဏဝါသိပ္ပံ အင်တာနက် သတင်း

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၁၀

**ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ရေချိုစီးဆင်းဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း၊ ယင်းမှာ ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာခြင်းနှင့် ပိုမိုအားကောင်းလာခြင်းတို့၏ အကျိုးဆက်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်အသစ်တစ်ရပ်တွင် ဖော်ပြသည်။**

မြစ်များနှင့် အရည်ပျော်ဆင်းလာသော ဝင်ရိုးစွန်းရေခဲလွှာများမှ ထွက်ပေါ်လာသည့် ရေချိုသည် ကမ္ဘာ့ပင်လယ် သမုဒ္ဒရာများအတွင်းသို့ စီးဝင်မှုမှာ ၁၉၉၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၆ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း၊ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ရေချိုဝင်ရောက်မှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာကြောင်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ ဂျေးဖာမီဂလီတီ ဦးဆောင်သော သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြသည်။

**အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးအဖွဲ့၏ အဏ္ဏဝါစူးစမ်းလေ့လာရေး သုတေသနရေယာဉ် တစ်စင်းကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

### ပိုမိုမြင့်တက်

ရေချိုသည် လူသားများနှင့် ဂေဟစနစ်များအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ သို့ရာတွင် ပြဿနာမှာ မိုးရွာသွန်းသင့်သော နေရာ

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ▼**

ဘာသာပြန်-ရောမောင်

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသာဘန်းအောင်၏ ဟောပြော တင်ပြချက်ကို စာမျက်နှာ(၄)နှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၏ ဟောပြော တင်ပြချက်ကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

## မြောက်ဦးမြို့၏ မိုးရေချိန်စံချိန်သစ်

နေပြည်တော် အောက်တိုဘာ ၁၀

**ယနေ့ နံနက် ၉ နာရီခွဲတွင် မြောက်ဦးစခန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၄၀ မီလီမီတာ (၉ ဒသမ ၄၄)လက်မသည် ယင်းစခန်း၏ လွန်ခဲ့သောနှစ်ပေါင်း ၃၃နှစ်အတွင်း အောက်တိုဘာလအတွက် ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၂၂၈ မီလီမီတာ(၈ ဒသမ ၉၈)လက်မဖြစ်ပြီး ၁၉၈၀ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

(သတင်းစဉ်)

### ဒုဋ္ဌဝတီ မြစ်ရေ အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)